# ကြေးမုံ
## The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (7-10-2011) (၆၉၀၅)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံပိုင်မီဒီယာများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့

## ပုဂ္ဂလိကမီဒီယာကဏ္ဍကိုလည်း အမျိုးသားအကျိုးစီးပွားကို အခြေခံသော စစ်မှန်သည့်စတုတ္ထမဏ္ဍိုင်ဖြစ်ရန် ကြိုးပမ်းနေ



**နေပြည်တော် အောက်တိုဘာ ၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၁၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၏ **၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရ "အခြားအဖွဲ့အစည်းတစ်ခုခု"ဟူသည့် စကားရပ်တွင် ယနေ့တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီ** စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# အဖျက်သမားများအန္တရာယ် လျော့နည်းပပျောက်ပါက လူစီးရထားများကို နေ့ပိုင်းသာမက ညပိုင်းတွင်ပါ ပြေးဆွဲပေးမည်

## သဘာဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိလာသည့်အခါတွင် CNG တိုးချဲ့ဖြန့်ဖြူးရေးအတွက် ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ရထားပို့ဆောင်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးခင်မောင်ဌေး၏ "**ခရီးသွားပြည်သူများ အနေဖြင့် ညပိုင်းတွင် စတင်ထွက်ခွာသည့်** စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

၇-၁၀-၂၀၁၁
(သောကြာနေ့)

# မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီး ပေါင်းစည်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အောက်တိုဘာ ၅ ရက်က နေပြည်တော်သို့ ရောက်ရှိလာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ **"အဆွေတော်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးမိတ်ဆက်ခရီး လာရောက်သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း"** ပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်ကလည်း **"မိမိအနေဖြင့် ယခုကဲ့သို့ ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာကြိုဆိုခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း"** ပြန်လည်ပြောကြားသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ရေးရာ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် သက်န်းညီနောင်မှ ကော့ကရိတ်အထိ ကားလမ်းဖောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသည်။ နိုင်ငံတော်သမ္မတက ထိုင်းနိုင်ငံဝန်ကြီးချုပ်အား မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်ခ်မက်စ်) အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များ ပိုမိုသွက်လက်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ ရေ မြေ တော တောင် သဘာဝချင်း ဆက်စပ်လျက်ရှိသည့်အပြင် ယဉ်ကျေးမှုဓလေ့ထုံးစံချင်း တူညီမှုအပေါ် အခြေခံသည့်နိုင်ငံများဖြစ်သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေရေး တွန်းအားပေးသွားနိုင်မည်ဟု သုံးသပ်လိုက်ရပေသည်။ ။

# အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့ အင္ဂဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံ



နေပြည်တော် အောက်တိုဘာ ၆

**အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့ အင္ဂဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပို့ဆောင်အပူဇော်ခံခြင်းအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် ဖောင်တော်ပြန်ဧည့်ရိပ်သာ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။**

အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဖောင်တော်ဆိပ်ပြာသာဒ်ဆောင်သို့ ပင့်ဆောင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တရားလွှတ်တော် တရားသူကြီး၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ကရဝိက်ဖောင်တော်ပေါ်မှ ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ၏ ဘော်ယာဉ်တော်သည် ညောင်ရွှေမြို့အတွင်း တစ်ပတ်လှည့်လည် အပူဇော်ခံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူတို့သည် ဖောင်တော်ပြန်ဧည့်ရိပ်သာသို့ ပြန်လည်ထွက်ခွာလာပြီး အင်းသားရိုးရာ လှေပြိုင်ပွဲ အမျိုးသား ၄၆ တက် အကြိုဗိုလ်လုပွဲ၊ အမျိုးသားရာကျော် အကြိုဗိုလ်လုပွဲနှင့် အမျိုးသမီး ၂၆ တက်ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်တို့က အင်းသားရိုးရာ ဆွမ်းပို့လှေအဖွဲ့၊ ဆွမ်းပို့သရုပ်ပြအဖွဲ့၊ ယဉ်ကျေးမှုအကအဖွဲ့၊ ဟဲယာရွှာမလှေယာဉ်အဖွဲ့၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲ၊ အမျိုးသားရာကျော်လှေပြိုင်ပွဲနှင့် အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတို့တွင် ဆုရရှိသောအသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။**(ယာပုံ)**

(သတင်းစဉ်)



# မြန်မာ-ပြင်သစ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန၊ အာရှနှင့်အိုးရှင်းနီးယားဌာန ညွှန်ကြားရေးမှူးချုပ် Mr. Paul JEAN-ORTIZ သည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့များ၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာ-ပြင်သစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁၀-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ လျှပ်တစ်ပြက်
- ၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၈။ အိုင်စီတီသုတ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၃၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၁၈)
- ၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၃)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၅၈)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်



# ဘဏ္ဍာလုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန၊ အာရှနှင့် အိုးရှင်းနီးယားဌာန ညွှန်ကြားရေးမှူးချုပ် Mr. Paul JEAN-ORTIZ အဖွဲ့နှင့် ပြင်သစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယ လက်ထောက်အတွင်းဝန် Mr. Antoine Chery နှင့် အဖွဲ့တို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၀၉၆၂ | ၀. ၀၃၂၁၆ |
| တရုတ် (ယွမ်) | ၆. ၃၇၆၀၀ | ၀. ၁၅၆၈၄ |
| အိန္ဒိယ (ရူပီး) | ၄၉. ၂၀၉၉ | ၀. ၀၂၀၃၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၁၀၂ | ၀. ၃၁၄၃၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၂၄ | ၀. ၇၆၆၁၄ |
| ဂျပန် (ယန်း) | ၇၆. ၇၇၃၅ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၈. ၁၉ | ၀. ၀၀၀၈၄ |
| ယူရို | ၀. ၇၅၃၁၅ | ၁. ၃၂၇၇၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၅၃၂၀ | ၁. ၅၃၀၉၃ |

***အင်တာနက်။***

ဥ တု ရာ သီ တော ကို မှီ ၏

## အနောက်တောင် မုတ်သုံလေ ဆုတ်ခွာ

(၆-၁၀-၂၀၁၁)

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

# စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၃၄) ဆင်းပွဲအခမ်း အနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားရာ တွင် ယနေ့ သင်တန်းသား၊ သင်တန်းသူ များ ဆောင်ရွက်နေသော စစ်ဆေးရေး လုပ်ငန်းသည် နိုင်ငံအကျိုးနှင့် ပြည်သူ တစ်ရပ်လုံး၏အကျိုးကို သယ်ပိုး ထမ်းဆောင်နေသည့် လုပ်ငန်းဖြစ်၍ မွန်မြတ်လှသော လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံအကျိုးနှင့် ပြည်သူ့အကျိုးကို ဦးထိပ် ပန်ဆင်ပြီး စစ်ဆေးရေးလုပ်ငန်းအပေါ် အလေးအနက်၊ စေတနာထား၍ မသမာမှု၊ ပေါ့လျော့မှုနှင့် Audit Failure မဖြစ် စေရေး ဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ခံယူချက်အပြည့်နှင့် ပြည်ထောင်စု စာရင်း စစ်ချုပ် ဥပဒေကြီးက အပ်နှင်းလိုက်သည့် တာဝန်များကို ကိုယ်ကျင့်တရား ထိန်းသိမ်းပြီး သမာဓိရှိစွာဖြင့် အဂတိ မလိုက်စားဘဲ ဖြောင့်ဖြောင့်မတ်မတ်၊ သိက္ခာအပြည့်အဝနှင့် စစ်ဆေးဆောင်ရွက် ဖော်ထုတ်ကြသည့် လူကောင်းလူတော် များ ဖြစ်ရန်လိုကြောင်း။

စာရင်းစစ်ရုံး ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူတစ်ရပ် ဖြစ်သော သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို စောင့်ထိန်း လိုက်နာ၍ လုပ်ငန်းကျွမ်းကျင်မှု အစဉ် တိုးတက်နေစေခြင်းဖြင့် စစ်ဆေးရေး စွမ်းဆောင်ရည် မြင့်မားစေရေးကို ဦးတည်ချက်ထားရှိရမည် ဖြစ်ကြောင်း၊ သင့်အောင်ပေါင်း၊ ကောင်းအောင်နေ၊ တော်အောင်ကြိုးစား၊ စည်းကမ်းရှိသေ၊ တာဝန်ကျေစေဆိုသည့် စာရင်းစစ်ရုံး ဝန်ထမ်းကျင့်စဉ်အတိုင်း ပြုမူနေထိုင်ကြ သူများ ဖြစ်ရန်လိုကြောင်း။

သင်တန်းဆင်းစာရင်းစစ်များသည် မိမိ ကိုယ်ကို ကောင်းအောင်ကြိုးစားခြင်းဖြင့် လည်းကောင်း၊ မိမိပါဝင်သော စစ်ဆေး ရေးအဖွဲ့ ကောင်းအောင်ကြိုးစားခြင်းဖြင့် လည်းကောင်း၊ မိမိစာရင်းစစ်ရုံး ကောင်း အောင် ကြိုးစားခြင်းဖြင့်လည်းကောင်း တာဝန်သိသိ၊ သိက္ခာရှိရှိဖြင့် ကျင့်ဝတ်နှင့် စည်းကမ်းစောင့်ထိန်းတတ်သော အလေ့ အကျင့်ကို စဉ်ဆက်မပြတ်ပိုမိုပြုစု ပျိုးထောင်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေး မှူးချုပ်(တာဝန်)၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ စာရင်းစစ် ၁၀၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ် ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။





**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၄) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြား စဉ်။** (သတင်းစဉ်)

# ကမ္ဘာ့နိုင်ငံများဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဒုတိယဝန်ကြီး တက်ရောက်

နေပြည်တော် အောက်တိုဘာ ၆

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ကမ္ဘောဒီးယားနိုင်ငံ Preah Sihanouk Province တွင် အောက်တိုဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် ကမ္ဘာ့နိုင်ငံများဆိုင်ရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ဖရင့်(World Eco- Tourism Conference 2011) သို့ တက်ရောက်ခဲ့သည်။**

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ Preah Sihanouk Ville ရှိ Independence Hotel ၌ ကမ္ဘာ့နိုင်ငံများ ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်ခဲ့သည်။

**အမှာစကားပြောကြား**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Sok An၊ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Thong Khon နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းမှ Director, Mr. Luigi Cabrini တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက် ရောက်လာသည့် လုပ်ငန်းရှင်များနှင့် ကျွမ်းကျင်ပညာရှင်များက သဘာဝ အခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက် မြှင့်တင်ရေး၊ စနစ်တကျ ဖွံ့ဖြိုးရေး၊ လူမှုအဖွဲ့ အစည်းအတွင်း အကျိုးပြုရေး၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက် ရေးတို့နှင့် စပ်လျဉ်းသည့် နည်းလမ်း ကောင်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြ သည်။

ဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ ၄ ရက်တွင် Sokha Hotel အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပရာ အစည်းအဝေး၌ ၂၀၁၁ခုနှစ် ကမ္ဘာ့နိုင်ငံများဆိုင်ရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ကြေညာချက်စာတမ်း ကို ထုတ်ပြန်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင် မြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ကမ္ဘောဒီးယားနိုင်ငံ Preah Sihanouk Ville ရှိ Independence Hotel ၌ ကမ္ဘာ့ နိုင်ငံများဆိုင်ရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ဖရင့် ဖွင့်ပွဲ အခမ်းအနား၌ တက်ရောက်လာကြ သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။**

(သတင်းစဉ်)

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုမြင့်တက်လာသည့်အတွက် တပ်ဆင်အသုံးပြု ထားသော ဓာတ်အားလွှတ်ပစ္စည်း ဝန်အားနိုင်နင်းမှု တိုးမြှင့်ခြင်းလုပ်ငန်းကို (၈-၁၀-၂၀၁၁) ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ခေတ္တဓာတ်အား ပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ |
|---|---|
| ၁။ | မြောင်းတကာခွဲရုံမှ ဓာတ်အားပေးထားသော အမှတ်(၂) သံမဏိစက်ရုံ၊ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံနှင့် သံမဏိစက်မှုဇုန်ရှိ စက်ရုံများ၊ မှော်ဘီ မြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များရှိ အချို့နေရာဒေသများ |
| ၂။ | လှိုင်သာယာခွဲရုံမှ ဓာတ်အားပေးထားသော ထန်းတပင်၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာနှင့် ညောင်တုန်းမြို့နယ်များရှိ အချို့နေရာ ဒေသများ |
| ၃။ | ဘုရင့်နောင်ခွဲရုံမှ ဓာတ်အားပေးထားသော ကမာရွတ်၊ လှိုင်၊ စမ်းချောင်း၊ ဗဟန်း၊ ဒဂုံ၊ ကြည့်မြင်တိုင်နှင့် မရမ်းကုန်းမြို့နယ်များရှိ အချို့နေရာဒေသများ |

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်း ကိုင်များအသင်း၏ ဟောပြောပွဲကို ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇေယျကြည်ညွန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြ ဦးတို့က "အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲ မှုများ" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာ လမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းခန်းမ၌ ကျင်းပမည်ဖြစ် သည်။

**တက်ရောက်နိုင်**

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိ မည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက် ရန်အတွက် အောက်တိုဘာ ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန် သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံ တင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက် မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း- ၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ် ခင်မောင်ထွန်းသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်း ရေးကော်မတီရုံးချုပ်၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက် လိုက် ၂၃၀ တို့အားလည်းကောင်း၊ အမှတ်(၁) ယာဉ်ထိန်းနယ် မြေမှူး ဒုတိယရဲမှူး မြင့်ကြည်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄၄) အခြေခံပညာအလယ်တန်း ကျောင်းခွဲ၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၇၂၀ ဦးတို့အားလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုဗ္ဗသီရိမြို့နယ်၌ နေအိမ်ပြောင်းရွှေ့ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၆**

ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ကုလားကျေးရွာ၌ ဆင်သေချောင်းမှ ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြို၍ နေအိမ်ပြောင်းရွှေ့ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကုလားကျေးရွာ ဦးထွန်းရွှေ၏ နေအိမ်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်အမှာစကားပြောကြားပြီး နေအိမ် ပြောင်းရွှေ့ပြည်သူ ၁၃ ဦးအား ထောက်ပံ့ငွေကျပ် ၁၃ သိန်း ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် အဖွဲ့သည် ဆင်သေချောင်းမှရေတိုက်စားမှုများကို ကြည့်ရှု စစ်ဆေးပြီး နေအိမ်ပြောင်းရွှေ့ပြည်သူများအား ကျန်းမာရေးပြုစု စောင့်ရှောက်နေမှုကို ကြည့်ရှုအားပေးစကား ပြောကြားခဲ့ ကြောင်း သိရှိရသည်။

(သတင်းစဉ်)



○ရှေ့ဖုံးမှ

**အဖွဲ့အစည်းများ အကျုံးဝင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ "အခြားအဖွဲ့အစည်း တစ်ခုခု" ဟူသည့် စကားရပ်တွင် ယနေ့တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ တရားစွဲဆိုမှုတွင် တရားစွဲဆိုခွင့်ပြုချက်ဖြင့် စွဲဆိုလာပါက အမှုတစ်ခုချင်းအလိုက် ပေါ်ပေါက်ချက်အပေါ် သက်ဆိုင်ရာတရားရုံးက စဉ်းစားသုံးသပ်၍ အကျုံးဝင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၏ **နိုင်ငံပိုင် Media များကို ပြည်သူတို့ ပိုမိုအားထား စိတ်ဝင်စားလာစေရန် မည်သို့ပြုပြင်ပြောင်းလဲဆောင်ရွက်မည်နှင့် ပြည်တွင်း Media လောကအား ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင်အဖြစ် မားမားမတ်မတ် ဖြစ်ထွန်းလာစေရန် မည်သို့ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အခါ မိမိတို့နိုင်ငံကို အခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံဖြစ်အောင် ရည်မှန်းတည်ဆောက်နေပြီဖြစ်ပါကြောင်း၊ ယင်းသို့ တည်ဆောက်ရာတွင် ရည်မှန်းချက်အောင်မြင်စေရန်နှင့် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရန် **နိုင်ငံတော်၏ အဓိကအာဏာများဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်(၃)ရပ် တည့်မတ်မှန်ကန်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက ယင်းအာဏာမဏ္ဍိုင် (၃)ရပ်လုံးကို ကိုင်စွဲကျင့်သုံးခြင်းမျိုးမဖြစ်စေဘဲ ပိုင်းခြား သို့မဟုတ် တသီးတခြားစီ ကိုင်တွယ်ကျင့်သုံးရန်နှင့် တစ်ဖက်ကလည်း အပြန်အလှန် ထိန်းကျောင်းရန်၊ ပူးပေါင်းဆောင်ရွက်ရန် အဓိကကျသည်ဟု ယုံကြည်ကြပါကြောင်း၊ ထို့ကြောင့်ပင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းအာဏာ (၃)ရပ်ကို ပိုင်းခြားကျင့်သုံးပြီး အပြန်အလှန်ထိန်းကျောင်းစေသည့်စနစ်ကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊** ယနေ့အခါတွင် ယင်းသို့ကျင့်သုံးပြီး နိုင်ငံကို တည်ဆောက်လျက်၊ ဒီမိုကရေစီကို ဖော်ဆောင်လျက်ရှိနေပါကြောင်း။

ယင်းသို့ ဖော်ဆောင်ကြရာတွင် ယင်းအာဏာမဏ္ဍိုင် (၃)ရပ်သည် တည့်မတ်မှန်ကန်စွာ တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ဖော်ဆောင်နိုင်စေရန်နှင့် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရန် စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား စသည့် မီဒီယာများကလည်း စောင့်ကြည့်ထိန်းကျောင်းပေးရန် လိုအပ်သည်ဟု အများက ယူဆလက်ခံထားကြပါကြောင်း။

မိမိအနေဖြင့်လည်း ယင်းအချက်မှာ မှန်လည်းမှန်ကန်၊ လိုလည်းလိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့သော် အဆိုပါစတုတ္ထမဏ္ဍိုင်မီဒီယာက ယင်းတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်ကိုယ်တိုင် အရည်အသွေး ရှိရန်နှင့် စတုတ္ထမဏ္ဍိုင်ပီသရန်လည်း လိုအပ်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အတူ နိုင်ငံပိုင်မီဒီယာလည်း ရှိရန်လိုအပ်သကဲ့သို့ ပြည်တွင်း ပုဂ္ဂလိကပိုင်မီဒီယာများလည်း ရှိရန်လိုအပ်ပါကြောင်း၊ ယင်းမီဒီယာနှစ်ခုမှာ အပြိုင်ရှင်သန်ပြီး တစ်ခုနှင့်တစ်ခု ထိန်းညှိနိုင်ရန် လိုအပ်သည်ဟုလည်း ယူဆပါကြောင်း။

ထို့ကြောင့် ယနေ့အခါတွင် **ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာကို ယင်းတာဝန်များ အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရကိုပါ မြင့်မားအောင် ကြိုးပမ်းတည်ဆောက်နေပါကြောင်း၊ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ယခုမှ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ယခင်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့်ပင် ယနေ့အခါ နိုင်ငံပိုင်သတင်းစာမီဒီယာများအနေဖြင့် ဗဟိုဌာနမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင်ပါ ကိုယ်ပွားသတင်းစာတိုက်များ တည်ဆောက်ပြီး ဒေသအများအပြားတွင် သတင်းစာကို နေ့ချင်းဖတ်နိုင်အောင် ဆောင်ရွက်ပေးထားပါကြောင်း၊ ဆက်လက်တိုးမြှင့်ပေးရန် လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခင်က ဗဟိုနှင့် ကိုယ်ပွားသတင်းစာတိုက် များတွင် ပြည်တွင်းသတင်းစာစက္ကူကို ၁၉ ရာခိုင်နှုန်း ထည့်သွင်းရိုက်နှိပ်ခဲ့သော်လည်း ယခုအခါ ပြည်တွင်းသတင်းစာစက္ကူကို ၄ ရာခိုင်နှုန်းခန့်သာ ထည့်သွင်းရိုက်နှိပ်ပြီး အရောင်အသွေး မင်ကျမင်န စသည့် အသွင်သဏ္ဌာန်ပိုကောင်းအောင် ဆောင်ရွက်ထားပါကြောင်း၊ နောင်တွင် ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပြီး ပြည်သူအတွက် ဝန်ဆောင်မှု ပိုမိုကောင်းမွန်စွာပေးနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ နောင်တွင် Colour သတင်းစာ ထုတ်ဝေနိုင်ရန် ကြိုးစားဆောင်ရွက်သွားရန် လည်း မျှော်မှန်းထားပါကြောင်း။**

အနှစ်သာရပိုင်းနှင့်ပတ်သက်၍လည်း "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်" ဟူသည့် မူများနှင့်အညီ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် စသည့် ဘက်စုံကဏ္ဍစုံမှ သတင်းများကို ပြည်သူများသိရှိ သတိပြုမိနိုင်အောင်၊ အသိဗဟုသုတဖြစ်အောင်၊ စိတ်အပန်းဖြေမှုရအောင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ပညာပေးရာ၊ ဖျော်ဖြေပေးရာတွင်လည်း ပြောင်းလဲတိုးတက်လာသော နည်းစနစ်များနှင့်အညီ ပညာပေးမှုနှင့် ဖျော်ဖြေမှု ပေါင်းစပ်ထားသည့် Edutainment၊ သတင်းနှင့် ဖျော်ဖြေမှု ပေါင်းစပ်ထားသည့် Infotainment စနစ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အယ်ဒီတာ့အာဘော်၊ သတင်း၊ ဆောင်းပါး စသည့် ရေးသားမှုအနှစ်သာရပိုင်းတွင်လည်း ပြောင်းလဲတိုးတက်လာသော သတင်းမီဒီယာရေးနည်းအပါအဝင် အနှစ်သာရရှိရှိ ထိထိမိမိ ရေးသားနိုင်အောင် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ On Job Training များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွား တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို နိုင်ငံပိုင်သတင်းစာများ၏ ဦးတည်ချက်အဖြစ်၊ မူဝါဒအဖြစ် ကိုင်စွဲပြီး စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်သတင်းထောက်များ တိုးချဲ့ခန့်ထားခြင်းအပါအဝင် သတင်းရယူမှု Network ကိုလည်း ကျယ်ပြန့်အောင် တိုးချဲ့တည်ဆောက်လျက်ရှိပါကြောင်း။

ထို့အတူ **နိုင်ငံပိုင် ရေဒီယို၊ ရုပ်မြင်သံကြား မီဒီယာကဏ္ဍကိုလည်း အသွင်သဏ္ဌာန်၊ အနှစ်သာရမြင့်မားအောင် ယခင်ကတည်းက စတင်တည်ဆောက်ခဲ့သကဲ့သို့ ယခုလည်း ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း၊ ပြည်သူများအတွက် သတင်း၊ ဗဟုသုတ၊ ဖျော်ဖြေမှုများ ပိုမိုကျယ်ပြန့်စွာပေးနိုင်စေရန်၊ နိုင်ငံတကာနှင့်လည်း ရင်ပေါင်တန်းနိုင်စေရန် ယနေ့အခါ အခမဲ့ကြည့်ရှုနိုင်သော Free to air ရုပ်သံလိုင်းများ၊ အခကြေးငွေဖြင့် ကြည့်ရှုနိုင်သော ရုပ်သံလိုင်းများဖြင့် တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊** ယင်းရုပ်သံလိုင်းများတွင် နိုင်ငံတကာသတင်းရုပ်သံလိုင်းများ၊ အသိပညာဗဟုသုတ အဓိကထုတ်လွှင့်သော ရုပ်သံလိုင်းများ၊ Edutainment၊ Infotainment စသည်တို့ ပါဝင်သည့် ဖျော်ဖြေရေးရုပ်သံလိုင်းများ ပါဝင်ပါကြောင်း၊ ထိုသို့ ထုတ်လွှင့်ရာတွင်လည်း ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများကို ဆင်ဆာမူဝါဒနှင့်အညီ စစ်ဆေးပြီးမှ ပြသခွင့်ပေးပါကြောင်း၊ ထို့အတူ ပြည်ပမှထုတ်လွှင့်နေသော ရုပ်သံလိုင်းများကို တိုက်ရိုက် Relay စနစ်ဖြင့် ထုတ်လွှင့်ရာတွင်လည်း online ဆင်ဆာစစ်ဆေးမှုအဖွဲ့က မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည်များကို စစ်ဆေးပြင်ဆင်ပြီးမှ ဆက်လွှင့်ပေးနေခြင်း ဖြစ်ပါကြောင်း။

ထို့အတူ **ရေဒီယိုထုတ်လွှင့်မှုများကိုလည်း မူလရှိရင်းစွဲ မြန်မာ့အသံ၊ တိုင်းရင်းသား အသံများအပြင် ပီတောက်မြေနှင့် FM ရေဒီယိုလိုင်းများ အများအပြားတိုးချဲ့ပြီး နံနက် (၀၅:၃၀)နာရီမှ ည(၂၃:၀၀)နာရီခန့်အထိ နေ့စဉ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ အသွင်သဏ္ဌာန် အနှစ်သာရမြင့်မားစေရန်အတွက်လည်း အမျိုးသားရေးကိုအခြေခံပြီး ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ ထို့ကြောင့် FM ထုတ်လွှင့်မှုများတွင် နယ်မြေဒေသသတင်းများ အပါအဝင် ကဏ္ဍမျိုးစုံ၊ သုတ၊ ရသ စုံလင်စွာ ပါဝင်နေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊** ထို့အတူ ရေဒီယို၊ ရုပ်မြင်သံကြား သတင်းအစီအစဉ် ရေးသားရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖြင့် သင်ကြားလေ့ကျင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်မှုစနစ်များကိုလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် Analogue စနစ်မှ အရည်အသွေးပိုမိုကောင်းမွန်သော၊ ရေရှည်ကုန်ကျစရိတ်သက်သာသော Digital စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ မြင့်မားလာစေရန် ဆောင်ရွက်နေမှုကို အချုပ်ပြောကြားရလျှင် ရုပ်ပိုင်းဆိုင်ရာတိုးမြှင့်တည်ဆောက်ခြင်း၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ တိုးမြှင့်တည်ဆောက်ခြင်း၊ ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ပြင်ဆင်တိုးမြှင့်တည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု Network ကို တိုးချဲ့ဆောင်ရွက်ခြင်းနည်းများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

**နိုင်ငံပိုင်မီဒီယာများက အရည်အချင်းရှိရှိဖြင့် စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိကမီဒီယာများကလည်း စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ စတုတ္ထမဏ္ဍိုင်၏ တာဝန်ဖြစ်သည့် ကျန်မဏ္ဍိုင်သုံးရပ် တည့်မတ်ရေးကို ထိန်းညှိဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အတိတ်ကာလ များကကဲ့သို့ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများအပေါ် အခြေခံဆောင်ရွက်ကြမည်ဆိုလျှင်မူ စတုတ္ထမဏ္ဍိုင်ပီသမှု အားနည်းပြီး စတုတ္ထမဏ္ဍိုင်၏ တာဝန်ကို ကျေပွန်နိုင်မည်မဟုတ်ပါကြောင်း၊ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ဂိုဏ်းဂဏစွဲများ အပေါ် အခြေမခံဘဲ အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံပြီး ဆောင်ရွက်မှသာ စတုတ္ထမဏ္ဍိုင်ပီသပြီး တိုင်းပြည်နှင့် ပြည်သူအကျိုး ထိရောက်စွာဖော်ဆောင်နိုင်မည်ဟု ယူဆပါကြောင်း၊** သတင်းမီဒီယာသမားအားလုံးသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်ကြသူများ၊ မီဒီယာ၏တန်ဖိုးကို အလေးထားမြတ်နိုးသူများ၊ ကျန်မဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်ဖြင့် ထိန်းညှိပေးလိုသူများဖြစ်ကြသည့်အတွက် မီဒီယာများသည် စတုတ္ထမဏ္ဍိုင်ပီသရမည် ဟူသည့် မူကို လက်ခံသဘောတူကြမည်ဟု ယုံကြည်ပါကြောင်း။



မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်း မေးမြန်းစဉ်။
(သတင်းစဉ်)

ထို့ပြင် **မီဒီယာများသည် စတုတ္ထမဏ္ဍိုင်ပီသရန်ဆိုလျှင် အခြေခံဥပဒေပုဒ်မ ၃၅၄ ပါ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူများ၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို မဆန့်ကျင်လျှင် မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ချိခွင့် ရှိသည်"ဟု ပြဋ္ဌာန်းထားချက်အတိုင်းလည်း လိုက်နာကြရမည်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။**

ယင်းပြဋ္ဌာန်းချက်ကို ကြည့်လျှင် သတင်းမီဒီယာသမားများ အတွက် လွတ်လပ်စွာရေးသားဖြန့်ဝေခွင့်ရှိသကဲ့သို့ နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို ထိန်းသိမ်းကာကွယ်ကြရမည့်တာဝန်လည်းရှိသည်ဆိုသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ ရေးသားဖြန့်ဝေခွင့်ရှိသကဲ့သို့ ပြည်သူများ၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများကို မဆန့်ကျင်မိစေရန်လည်း တာဝန်ယူကြရမည်ဆိုသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ **ပြည်သူများ၏ ကိုယ်ကျင့်တရားအကျိုးငှာဟူသည့် စကားရပ်သည် ကျယ်ပြန့်သိမ်မွေ့ပါကြောင်း၊ ကျယ်ပြန့်သိမ်မွေ့သည်နှင့်အမျှ ဥပဒေဖြင့် ပြဋ္ဌာန်းထား၍ ရနိုင်သည်များရှိသကဲ့သို့ ဥပဒေဖြင့်ပြဋ္ဌာန်းထား၍ မရနိုင်သည်များလည်း ရှိနိုင်ပါကြောင်း၊ ဥပဒေဖြင့်ပြဋ္ဌာန်းထားသည်များကို ဥပဒေနှင့်အညီ လိုက်နာပြီး ဥပဒေဖြင့်ပြဋ္ဌာန်းထား၍ မရနိုင်သည်များကိုမူ ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းပေးကြရမည်ဖြစ်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာသမားများသည် စတုတ္ထမဏ္ဍိုင်ပီသရန်ဆိုလျှင် "လွတ်လပ်မှုနှင့်တာဝန်ယူမှု"၊ "လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား"များကို ပူးတွဲကျင့်သုံးရမည်ဖြစ်သည်ဟု ယူဆပါကြောင်း။**

ဤနေရာတွင် မိမိတို့သည် အနာဂတ်ကို မျှော်မှန်းရန်လိုအပ်သကဲ့သို့ အတိတ်က သင်ခန်းစာများနှင့် ပစ္စုပ္ပန်ဖြစ်ပျက်နေမှုများကိုလည်း သတိပြုရန်လိုအပ်ပါကြောင်း၊ အတိတ်ကသင်ခန်းစာကိုမူ ရှေ့တွင် မိမိပြောကြားခဲ့ပြီးဖြစ်၍ ပစ္စုပ္ပန်ဖြစ်ပျက်မှုကိုသာ ထောက်ပြရလျှင် ဒီမိုကရေစီနိုင်ငံအချို့တွင် မီဒီယာများက သတင်းလွတ်လပ်ခွင့်ကို အလွဲသုံးစားလုပ်ကြသည့်အတွက် နိုင်ငံရေး၊ လူမှုရေး ပြဿနာများဖြစ်ပွားပြီး ယနေ့ ယင်းနိုင်ငံများတွင် "လွတ်လပ်မှုနှင့် တာဝန်ယူမှု"၊ "လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား" တို့ကို မှန်မှန်ကန်ကန်မျှမျှတတကျင့်သုံးရန်အတွက် လိုအပ်သည့် အရေးယူကြပ်မတ်မှုများကို လွှတ်တော်ကရော အစိုးရကပါ လုပ်နေကြရသည်များကို တွေ့နိုင်ပါကြောင်း။

ထို့ကြောင့် **ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမီဒီယာလောကကို ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင်အဖြစ် ပေါ်ပေါက်ဖြစ်တည်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မီဒီယာသမားများ၏ လွတ်လပ်ခွင့်ကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အကာအကွယ်ပေးနိုင်စေရန်၊ အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် စတုတ္ထမဏ္ဍိုင်ပီသသည့် မီဒီယာဖြစ်လာစေရန်၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးသည့် မီဒီယာဖြစ်လာစေရန် ထိန်းကျောင်းပေးနိုင်မည့် မီဒီယာဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး လေ့လာဆောင်ရွက်လျက်ရှိပါကြောင်း။**

ထို့ပြင် ယခင်က စာပေစိစစ်ရေးမူ (၂၁)ချက် သတ်မှတ်ထားသော်လည်း ယခုအခါ (၁၂)ချက်သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ပြောင်းလဲသတ်မှတ်ရာတွင်လည်း အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအများတွင် ကျင့်သုံးသည့်မူများကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ၏ အရှိတရားနှင့်လည်း ညီစေရန်၊ ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင်လည်းဖြစ်လာစေရန် မျှော်မှန်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်အားလုံးကို ယင်းစာပေမူဝါဒ (၁၂)ချက်အတွင်းမှ "လွတ်လပ်မှုနှင့် တာဝန်ယူမှု"၊ "လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား" တို့ကို ပူးတွဲကျင့်သုံးစေပြီး လူတစ်ဦးတစ်ယောက်အပေါ်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခု အပေါ်ဖြစ်စေ၊ ဌာနတစ်ခုအပေါ်ဖြစ်စေ အပြုသဘောဖြင့် ဝေဖန်အကြံပြုရေးသားခြင်းကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ယင်းမှာလည်း ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် ပျိုးထောင်ပေးနေခြင်းပင်ဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ထို့ပြင် ယခုအခါ စာအုပ်စာစောင်အားလုံးကို အုပ်စုနှစ်စုခွဲပြီး အုပ်စု(၁)ဝင် စာအုပ်စာစောင်များကို ထုတ်/တင်စနစ်ဖြင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထုတ်/တင်စနစ်ဆိုသည်မှာ စာပေစိစစ်ရေးမူ (၁၂)ချက်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ဖြင့် မိမိဘာသာ လွတ်လပ်စွာရေးသားထုတ်ဝေပြီးမှ စာပေစိစစ်သို့ တင်ပြရသည့်စနစ် ဖြစ်ပါကြောင်း၊ ယင်းအုပ်စု(၁)တွင်ပါဝင်သည့် စာပေအမျိုးအစားများမှာ အနုပညာ သုတရသစာပေ၊ အားကစား၊ ကျန်းမာရေး၊ ကလေးနှင့် နည်းပညာစာပေများပင်ဖြစ်ပါကြောင်း၊ ကျန်စာအုပ်စာစောင်များမှာ အုပ်စု(၂)တွင်ပါဝင်ပြီး တင်/ထုတ်စနစ်ဖြင့် ထုတ်ဝေခွင့်ပြုထားပါကြောင်း၊ တင်/ထုတ်စနစ်ဆိုသည်မှာ စာပေစိစစ်ရေးမူ (၁၂)ချက်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားများကို ကျင့်သုံးပြီး ရေးသား၍ စာပေစိစစ်သို့ တင်ပြကာ ခွင့်ပြုချက်ရမှ ထုတ်ရသည့် စနစ်ဖြစ်ပါကြောင်း။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

သို့သော်လည်း ယခုကဲ့သို့ ကျင့်သုံးမှုများ အလေ့အကျင့်ရပြီး သဟဇာတဖြစ်လာသည်နှင့်အမျှ အုပ်စု (၂)ဝင် စာအုပ်စာစောင်များကို အုပ်စု(၁)အတွင်း တစ်ဆင့်ပြီး တစ်ဆင့် သွတ်သွင်းပေးသွားမည်သာဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် စာအုပ်စာစောင် အားလုံးသည် ဒီမိုကရေစီစံအတိုင်း ထုတ်/တင်စနစ်ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ယင်းမှာလည်း စာပေလောကသားများနှင့် ပူးပေါင်းပြီး ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင် အဖြစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနေခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ပြင် **ထူးချွန်သော သတင်းသမားများ ပေါ်ထွက်လာစေပြီး စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်ပေါ်ရေးအတွက် အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများပါဝင်သော "အမျိုးသားသတင်းဆုရွေးချယ်ရေးကော်မတီ" ကို ၁၈-၈-၂၀၁၁ ရက်နေ့က စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကော်မတီက အကောင်းဆုံး သတင်းဆု၊ အကောင်းဆုံးသတင်းဆောင်းပါးဆု၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု၊ အကောင်းဆုံးကာတွန်းဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကမီဒီယာ ကဏ္ဍကိုလည်း အမျိုးသားအကျိုးစီးပွားကို အခြေခံသော စစ်မှန်သည့် စတုတ္ထမဏ္ဍိုင် ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း ယင်းတာဝန်ကို ဆောင်ရွက်ကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများကပါ ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ အောင်အောင်မြင်မြင် ကျင့်သုံးနိုင်ရေးအတွက် အဓိကကျသည့် အုပ်စုဖြစ်သော ပဉ္စမမဏ္ဍိုင်ဟုဆိုရမည့် ပြည်သူတစ်ရပ်လုံးကပါ အသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုကိုလည်း လိုအပ်ပါကြောင်း၊** သို့မှသာ မီဒီယာအားလုံးသည် ပြည်သူလူထုကို အကျိုးပြုနိုင်မည့် စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်သို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **မွေးမြူရေး၊ ပညာပေးရေး၊ ကာကွယ်ကုသရေး၊ သုတေသနပြုရေးတို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအား ကမ္ဘာ့အဆင့်မီသိသိသာသာတိုးချဲ့မြှင့်တင်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ရုံး(၁)ရုံး၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးရုံး(၁၅)ရုံး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး(၆၅)ရုံး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး(၃၂၅)ရုံး ဖွင့်လှစ်ထားရှိပြီး တိရစ္ဆာန်ဆေးကုဆရာဝန်(၉၉၆)ဦး၊ လက်ထောက်တိရစ္ဆာန်ဆေးကုမှူး (၆၂)ဦး၊ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(တိရစ္ဆာန်ဆေးကု)(၈၉)ဦးဖြင့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးလုပ်ငန်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးနှင့် သုတေသနလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆေးကုဆရာဝန်အရေအတွက်က တိရစ္ဆာန်အရေအတွက်ထက်နည်းသည့်အတွက် တိရစ္ဆာန်ဆေးကုဆရာဝန်အရေအတွက် ထပ်မံ၍ တိုးချဲ့ဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ လက်ရှိ နိုင်ငံတော်၏ဘဏ္ဍာငွေအခြေအနေနှင့် အချိုးအစားအလိုက် တစ်နှစ်ပြီးတစ်နှစ်တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ်ရှိသည့်အတွက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ယခင်ကတစ်နှစ်လျှင် ကျောင်းသား (၂၀၀) လက်ခံခဲ့ရာမှ ယခုနှစ်တွင် ကျောင်းသား(၂၅၀) တိုးမြှင့်လက်ခံဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆

◆ စာမျက်နှာ ၄ မှ

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများကို ရန်ကုန်၊ ပြင်ဦးလွင်၊ တောင်ကြီးနှင့် ပုသိမ်ဒေသဆိုင်ရာဓာတ်ခွဲခန်းများမှ ထုတ်လုပ်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါရှာဖွေရေးအတွက် ရန်ကုန်၊ စစ်ကိုင်း၊ တောင်ကြီး၊ ပုသိမ်ဒေသဆိုင်ရာဓာတ်ခွဲခန်းများအပြင် တိရစ္ဆာန်ထိန်းသိမ်းစစ်ဆေးရေးစခန်းများ အဖြစ် ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်၊ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံတို့တွင် ဖွင့်လှစ်ထားရှိပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများသည် ကြက်ခြေပြာတိရစ္ဆာန် ကျန်းမာရေးလုပ်သားများနှင့် ပြည်သူလူထု၏ပူးပေါင်းကူညီမှုဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်နင်းအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် လက်တွေ့ဆောင်ရွက်မှုများကို ဆန်းစစ်ကြည့်သည့်အခါ ရောဂါကာကွယ်ကုသရေးတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်နေသည်ကိုတွေ့ရပြီး မွေးမြူရေးဆောင်ရွက်မှုများ မပါဝင်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူများ၏အဓိကရည်မှန်းဆောင်ရွက်လိုသော မွေးမြူရေးနှင့် ကုသရေးအပိုင်းနှစ်ပိုင်းစလုံးဆောင်ရွက်နိုင်သည့်ဌာနကြီးဖြစ်အောင် ပြောင်းလဲရန် လိုအပ်သည့်အတွက် ယခုဆိုလျှင် ရောဂါကာကွယ်ကုသရေးရှုထောင့်မှ ဆောင်ရွက်သော လုပ်ငန်းတာဝန်များအပြင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။**

ယခင်က မွေးမြူရေးဆေးတက္ကသိုလ်၌ ရောဂါကာကွယ်ကုသရေးဘာသာရပ်များကိုသာ အဓိကသင်ကြားလေ့ကျင့်လျက်ရှိရာမှ လွန်ခဲ့သည့်(၂/၃)လအတွင်းက နိုင်ငံတကာအခြေအနေများနှင့် တက္ကသိုလ်ပညာရေးကောင်စီမူဘောင်များအတွင်းမှ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိမည့် မွေးမြူရေးဘာသာရပ်များကို တတိယနှစ်မှစ၍ သင်ကြားလေ့ကျင့်နိုင်အောင် သင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြင်ဆင်ဆောင်ရွက်ရေး သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ စာတွေ့သာမက လက်တွေ့ပါ ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲခန်းများအပြင် မွေးမြူရေးခြံများပါ တိုးချဲ့ထားရှိ လေ့ကျင့်ပညာပေးရန် ဆောင်ရွက်ထားပါကြောင်း၊ ယနေ့ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ရောဂါအသစ်အဆန်းများ ဖြစ်ပေါ်လာမှုများကို ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် မွေးမြူရေးနှင့် ကုသရေးကဏ္ဍ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် မေးမြန်းပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၏ **စစ်တွေဆိပ်ကမ်းနှင့် ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး စသည့်မြို့နယ်များ၏ ဆိပ်ခံတံတားများကို စီမံကိန်းအသစ်ဖြင့် ပြန်လည်ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကမ်းရိုးတန်းနှင့် အပြည်ပြည်ဆိုင်ရာ သင်္ဘောများ ဆိပ်ကမ်းသို့ ဝင်ထွက်သွားလာနိုင်ရန် ဆိပ်ခံတံတားများတည်ဆောက်၍ ကုန်တင်/ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ရေကြောင်းပြခြင်း၊ နိုင်ငံခြားသင်္ဘောများအတွက် ကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်ခြင်း၊ ရေလမ်းကြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကုန်စည်များ ပြည်တွင်းနှင့် ပြည်ပသို့တင်ပို့နိုင်ရန် တည်ဆောက်ထားသည့်ဆိပ်ကမ်းများမှာ စစ်တွေဆိပ်ကမ်း၊ ကျောက်ဖြူဆိပ်ကမ်း၊ သံတွဲဆိပ်ကမ်း၊ ပုသိမ်ဆိပ်ကမ်း၊ မော်လမြိုင်ဆိပ်ကမ်း၊ ထားဝယ်ဆိပ်ကမ်း၊ မြိတ်ဆိပ်ကမ်းနှင့် ကော့သောင်းဆိပ်ကမ်းတို့ဖြစ်ပါကြောင်း။

စစ်တွေဆိပ်ကမ်း၊ ကျောက်တော်ဆိပ်ကမ်း၊ မြောက်ဦးဆိပ်ကမ်း၊ ပုဏ္ဏားကျွန်းဆိပ်ကမ်း၊ ရသေ့တောင်နှင့် ဘူးသီးတောင်ဆိပ်ကမ်းများအနက် စစ်တွေဆိပ်ကမ်းတစ်ခုတည်းသာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနယ်နိမိတ်အတွင်း (Port Limit) တွင်ရှိသဖြင့် ၎င်းစစ်တွေဆိပ်ကမ်းကိုသာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံအုပ်ချုပ်ရပါကြောင်း၊ **စစ်တွေဆိပ်ကမ်းတွင် ခရီးသည်နှင့်ကုန်စည်များ တင်/ချ ပြုလုပ်ရန်အတွက် မင်းဂံတံတား၊ ဖောင်တော်ကြီးတံတားနှင့် အမှတ်(၂)ဘုတ်ဆိပ်တံတား စုစုပေါင်း တံတား (၃)စင်း တည်ဆောက်ထားပါကြောင်း၊ စစ်တွေဆိပ်ခံတံတားမှာ သစ်သားတံတား အလျားပေ(၁၂၀)၊ အနံ(၁၅) ပေရှိပြီး ချဉ်းကပ်သစ်သားတံတား(၂)ခု ရှိပါကြောင်း၊ ချဉ်းကပ်တံတား(၁)ခုစီ၏အလျားမှာ(၂၆)ပေ၊ အကျယ်(၁၁) ပေ ရှိပါကြောင်း၊ ဌာနကပြုပြင်ထိန်းသိမ်းထားပါသဖြင့် တံတား၏ကြံ့ခိုင်မှုမှာ အသင့်အတင့်ရှိပါကြောင်း၊ အမှတ်(၂)ဘုတ်ဆိပ်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အကြီးစားပြုပြင်မွမ်းမံခြင်းကို ငွေကျပ်(၅၄)သိန်းကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်အတွက် တံတားရှေ့ရေဒေသတွင် ရေစူး(၆)ပေရရှိစေရေးအတွက် ဌာနပိုင်သောင်တူးရေယာဉ်ဖြင့် သောင်တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

စစ်တွေဆိပ်ကမ်းတွင် မြစ်တွင်းသွားရေယာဉ်များအတွက် ဆပ်ရိုးကျချောင်းအတွင်း၌သာ သဘာဝလှိုင်းလေဒဏ်မှ အကာအကွယ်ရနိုင်ပြီး ၎င်းချောင်းမှာကျဉ်းမြောင်းပြီး သဘာဝအရ Ship basin ပြုလုပ်ရန် ဖြစ်နိုင်ခြေမရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ကျောက်တော်ဆိပ်ကမ်းရှိ မူလဆိပ်ခံတံတားတွင် ဌာနရေယာဉ်များသာ ဆိုက်ကပ်လျက်ရှိပြီး ရေလမ်းကြောင်းတိမ်ကောလာမှုကြောင့် ရေတက်ချိန်ကျမှသာ ရေယာဉ်များဆိုက်ကပ်နိုင်ပါကြောင်း၊ **မြောက်ဦးဆိပ်ကမ်းရှိ လက်ရှိတံတားအပြင် ကွန်ကရစ်ဆိပ်ခံတံတားနှင့်ချဉ်းကပ်တံတားပါရှိသည့် ဆိပ်ခံတံတားသစ်တစ်စင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေကျပ်(၁၂၉) သိန်း အကုန်အကျခံကာတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။**

ပုဏ္ဏားကျွန်းဆိပ်ကမ်းရှိ ဆိပ်ခံတံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ခဲ့သည့် သစ်သားတံတားဖြစ်ပြီး ကြံ့ခိုင်မှုမကောင်း၍ပျက်စီးနေပါကြောင်း၊ ရသေ့တောင်ဆိပ်ကမ်းရှိ လက်ရှိအသုံးပြုနေသည့်တံတားသည် မြို့မိမြို့ဖများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းတည်ဆောက်ထားသည့် ကွန်ကရစ်တံတားဖြစ်ပြီး တံတား၏ကြံ့ခိုင်မှုမှာ အသင့်အတင့်ရှိပါကြောင်း၊ ဘူးသီးတောင်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားမှာ ကွန်ကရစ်ဆိပ်ခံတံတားဖြစ်ပြီး တံတား၏ကြံ့ခိုင်မှုမှာကောင်းမွန်ပါကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းများဖြစ်သော ကျောက်တော်ဆိပ်ကမ်း၊ မြောက်ဦးဆိပ်ကမ်း၊ ပုဏ္ဏားကျွန်းဆိပ်ကမ်း၊ ရသေ့တောင်ဆိပ်ကမ်း၊ ဘူးသီးတောင်ဆိပ်ကမ်းများနှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဌာနပိုင်တံတားများကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်သွား အစိုးရနှစ်ထပ်သင်္ဘောပြေးဆွဲခွင့်ကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးပြီး နောက်ပိုင်းတွင် လူစီးခနှင့်ကုန်စည်ပို့ဆောင်ခနှုန်းထားများကို ယခင်ကထက်ပိုမိုကောက်ခံနေရာ ယင်းနှုန်းထားမှာ အစိုးရနှင့်ပုဂ္ဂလိကအကြား ချုပ်ဆိုထားသော စာချုပ်ပါနှုန်းထား ဟုတ်/မဟုတ်နှင့် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ပြည်သူများ သက်သာချောင်ချိစွာသုံးစွဲနိုင်မည့် နှုန်းထားများကို ခရီးစဉ်အလိုက်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြေးဆွဲလျက်ရှိသောခရီးစဉ်များအလိုက် ခရီးသည်နှင့်ကုန်တင်ခများသတ်မှတ်ရာတွင် ရေယာဉ်အမျိုးအစားအလိုက် ခရီးသည်(၁)ဦး (၁)မိုင် ကုန်ကျစရိတ်၊ ကုန်(၁)တန် (၁)မိုင်ကုန်ကျစရိတ်များကိုအခြေခံတွက်ချက်ပြီး သတ်မှတ်ထားပါကြောင်း၊ ထိုကဲ့သို့တွက်ချက်ရာတွင် ရေယာဉ်အလိုက် စက်သုံးဆီစရိတ်၊ ဝန်ထမ်းစရိတ်၊ ရေယာဉ်ပြင်ဆင်စရိတ် စသည့်ကုန်ကျစရိတ်များကို ထည့်သွင်းတွက်ချက်ရပါကြောင်း၊ ရေယာဉ်၏ကုန်ကျစရိတ်များတွင် စက်သုံးဆီတန်ဖိုးကုန်ကျစရိတ်သည် (၇၀)ရာခိုင်နှုန်းခန့် ပါဝင်ပါကြောင်း၊ လက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ ခရီးသည်ခနှင့်ကုန်တင်ခများမှာ ၂၀၀၃ခုနှစ်က စက်သုံးဆီ (၁)ဂါလန် ကျပ်(၁၆၀)နှုန်းဖြင့် အခြေခံတွက်ချက်ထားသောဈေးနှုန်းများ ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် စက်သုံးဆီ ဒီဇယ်(၁)ဂါလန်လျှင် ကျပ်(၃၀၀၀)နှုန်း ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း ရေယာဉ်ခများကိုတိုးမြှင့်ခြင်းမပြုဘဲ ပြေးဆွဲပေးခဲ့ပါကြောင်း။

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို နိုင်ငံတော်က အရှုံးခံတာဝန်ယူသည့်အစား ဝင်ငွေနှင့်အသုံးစရိတ်အချိုးမျှတကာ Balance Budget ဖြစ်လာစေရေး ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကမှလွှဲပြောင်းလုပ်ကိုင်နိုင်သည်များ လွှဲပြောင်းလုပ်ကိုင်စေရန်၊ ဖက်စပ်လုပ်ကိုင်နိုင်သည့်လုပ်ငန်းများ ဖက်စပ်လုပ်ကိုင်သွားရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပြေးဆွဲလျက်ရှိသည့် ခရီးလမ်းများကိုလည်း ဌာနခွဲတစ်ခုချင်း၊ ခရီးလမ်းတစ်ခုချင်းစိစစ်သုံးသပ်ကာ အရှုံးပေါ်နေသည့်ခရီးလမ်းအချို့အား ဖျက်သိမ်းခြင်း၊ စီးပွားရေးတွက်ခြေမကိုက်သည့် ခရီးလမ်းအချို့အား ခေါက်ရေလျှော့ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည့်ခရီးလမ်းများအား ပူးပေါင်းဆောင်ရွက်ခြင်းစသည်များကို ဆောင်ရွက်ခဲ့ပါကြောင်း။**

ရခိုင်ဌာနခွဲတွင် ဌာနပိုင်ရေယာဉ်များကို ပုဂ္ဂလိကသို့ ရေယာဉ်ငှားရမ်းစာချုပ်ချုပ်ဆို၍ ငှားရမ်းပြီး ခရီးစဉ်များပြေးဆွဲခဲ့ပါကြောင်း၊ ကောက်ခံသည့်ရေယာဉ်ခနှုန်းထားနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်အရ နယ်မြေဒေသအခြေအနေပေါ်မူတည်ကာ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ခရီးလမ်းများတွင် လက်ရှိပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်အမြန်ရေယာဉ် စက်လှေများ၏နှုန်းထားခများထက် လျော့နည်းသက်သာသည့်နှုန်းထားဖြင့်သာ ပြေးဆွဲနေခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ **ရခိုင်ဌာနခွဲက ပြေးဆွဲနေသောခရီးလမ်းများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များက ရေယာဉ်ငှားရမ်းပြေးဆွဲနေသော ခရီးလမ်းများတွင် လက်ရှိကောက်ခံနေသည့် နှုန်းထားများမှာ အခြားပုဂ္ဂလိကပိုင် အမြန်ရေယာဉ်၊ ကုန်တင်ရေယာဉ်များ၏ နှုန်းထားများထက် သက်သာသောနှုန်းထားများဖြစ်အောင် စီစဉ်ထားရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။



ရသေ့တောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေ မေးမြန်းစဉ်။
(သတင်းစဉ်)



အောင်လံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၇)ခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၏ **မိုးမိတ်-သစ်ခွဲပင်-တွင်းငယ်လမ်းမကြီးအား ဆက်လက်ပြုပြင်ရန်အတွက် ရန်ပုံငွေများချထားပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ တွင်းငယ်မြို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တွင်းငယ်-မိုးမိတ်လမ်းသည် အရှည်(၄၆)မိုင်ရှိပါကြောင်း၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ဖောက်လုပ်ခဲ့ပြီး လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် တကောင်း-ကသာလမ်းစီမံကိန်းအဖွဲ့က လမ်း၊ တံတားလုပ်ငန်းလွှဲပြောင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတားလုပ်ငန်းများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းနှင့် လမ်းချိုင့်ပေါက်များအား ကျောက်ဖြင့်ဖာထေးခင်းကြိတ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ မြေသားတာပေါင်တင်ခြင်း၊ သစ်သားတံတားများ၏ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများပြုပြင်လဲလှယ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် လုပ်ငန်းသုံးပစ္စည်းများတင်ဆောင်သော မော်တော်ယာဉ်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မှ ပိုဇိုလန်သယ်ယူသည့်ယာဉ်ကြီးများ အခေါက်ပေါင်းများစွာဖြတ်သန်းသွားလာအသုံးပြုမည်ဖြစ်ပါကြောင်း၊ တွင်းငယ်-မိုးမိတ်လမ်းပေါ်ရှိတံတားကြီး၊ တံတားငယ်များသည် သစ်သားတံတားများဖြစ်ပြီး ဝန်ခံနိုင်မှု အားနည်းသောတံတားများဖြစ်ပါကြောင်း၊ ယခုနှစ်သည် မိုးရွာသွန်းမှုများပြားသည့်အတွက် သစ်သားတံတားများ ရေတိုက်စားပျက်စီးမှုလည်း များပြားခဲ့ပါကြောင်း။

**တွင်းငယ်-မိုးမိတ်လမ်းကို မူလမြေလမ်းမှ ကျောက်လမ်းအဆင့်သို့ တဖြည်းဖြည်းမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေလီ(၃) ရေအားလျှပ်စစ်ဆောင်ရွက်မည့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ရေးကာလ လမ်းအသုံးပြုနေစဉ်အတွင်း လမ်းအဆင့်နိမ့်ကျမသွားစေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၏ **ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မိုးညို-မင်းလှလမ်းပိုင်းရှိ ထန်းပင်ကုန်းဘေလီတံတား ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မိုးညိုမြို့နယ် မင်းလှ-မိုးညိုလမ်းပေါ်ရှိ ထန်းပင်ကုန်းဘေလီတံတားသည် မိုင်တိုင်(၁၀/၅)တွင်တည်ရှိပြီး မြစ်မခမြစ်ကိုဖြတ်သန်းတည်ဆောက်ထားပါကြောင်း၊ ထန်းပင်ကုန်းတံတားအား ၁၉၈၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ သစ်သားတိုင်စင်များ ဆွေးမြည့်လာခြင်း၊ ဘေလီသံပေါင်များအားနည်းခြင်းများရှိလာသည့်အတွက် သာယာဝတီခရိုင် အင်ဂျင်နီယာမှူးအဖွဲ့က နှစ်စဉ်ခွဲဝေရရှိသောရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်လည်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် သစ်သားကြမ်းခင်း၊ ဘီးလမ်းများအသစ်လဲလှယ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး သစ်သားတိုင်များလဲလှယ်ခြင်းကို ရေနည်းချိန်ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ **မိုးညိုမြို့နယ် မင်းလှ-မိုးညိုလမ်းပေါ်ရှိ ထန်းပင်ကုန်းဘေလီတံတားအား အခိုင်အမာ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားရန် ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင်တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၏ **အောင်လံမြို့တွင် မြို့ရှောင်ကွင်းလမ်းတစ်လမ်း ဖောက်လုပ်ပေးနိုင်ရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနက အခြေအနေပေးသောအချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံမြို့နယ်ကို အဓိကဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီးသည် ရန်ကုန်-ပြည်-မကွေးလမ်းမကြီးဖြစ်ပါကြောင်း၊ ယင်းလမ်းမှ အောင်လံမြို့နယ်အပိုင်းသည် မိုင်တိုင်(၁၉၃/၇) မှ(၂၃၁/၇)အထိ(၃၈)မိုင်ပါဝင်ပါကြောင်း၊ အဆိုပါလမ်းမကြီးနှင့်စပ်လျဉ်း၍ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကို ၂၈-၆-၂၀၁၁ ရက်မှစတင်၍ လမ်း၊ တံတားများအဆင့်မြှင့်တင်ဆောင်ရွက်ရန် ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ မိုင်တိုင်(၂၂၀/၀)မှ(၂၂၆/၀)အထိ (၆)မိုင်သည် အောင်လံမြို့တွင်းလမ်းအပိုင်းဖြစ်ပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ(၁၆)ပေအကျယ် ကတ္တရာလမ်း(၃)မိုင်နှင့် (၃၂)ပေအကျယ် ကတ္တရာလမ်း(၃)မိုင် ဖြစ်ပါကြောင်း။

**မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှစတင်၍ အောင်လံမြို့တွင်းလမ်းပိုင်းဖြစ်သော မိုင်တိုင်(၂၂၁/၄)မှ (၂၂၄/၄)အထိ(၃)မိုင်ကို ယာဉ်များ အန္တရာယ်ကင်းရှင်းစေရန်အတွက်(၃၂)ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြညှိနှိုင်းစေပြီး စက်ဘီး၊ ဆိုင်ကယ်များအတွက် သီးခြားလမ်းနယ်ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်နေ့ပျမ်းမျှ ဖြတ်သန်းသောယာဉ်စီးရေတိုးတက်လာပါက ယာဉ်စီးရေနှင့်လိုက်လျောညီထွေဖြစ်မည့် အောင်လံမြို့ မြို့ရှောင်လမ်းသစ်ဖောက်လုပ်နိုင်ရန် တိုင်းတာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်-အောင်လံ-မကွေးလမ်းအား စနစ်တကျစံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားမည်ဖြစ်ပြီး အောင်လံမြို့အတွက် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ပဲခူးတိုင်းဒေသကြီး ရန်ကုန်-ပြည်မော်တော်ကားလမ်းအား လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးအတွက် (၆) လမ်းသွားဖောက်လုပ်ရန်နှင့်အဆင့်မြှင့်တိုးချဲ့ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်-ပြည်-မကွေးလမ်းသည် ပဲခူးတိုင်းဒေသကြီးအတွင်းတွင် မိုင်တိုင်(၇၀/၆)မှ(၁၉၃/၇)အထိ (၁၂၃)မိုင်(၁)ဖာလုံပါဝင်ပါကြောင်း၊ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ၂၈-၆-၂၀၁၁ ရက်မှစတင်၍ ယာဉ်သွားလာမှုအဆင်ပြေစေရန် ရန်ကုန်-ပြည်-မကွေးလမ်းမကြီးအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သော ကြိုတင်ရောကျောက်ကတ္တရာနှင့် လမ်းပေါက်များဖာထေးခြင်း၊ လမ်းပခုံးများအား စက်ယန္တရားများဖြင့်ညှိခြင်း၊ တံတားနှင့် ရေပြွန်များ ရေစီးရေလာ ကောင်းမွန်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘီအိုတီစနစ်ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ၁၉၉၆ ခုနှစ် မူလပဋိညာဉ်စာချုပ်အရ ယာဉ်သွားလမ်းအကျယ်(၂၄)ပေ သတ်မှတ်ထားသော်လည်း အချို့သောလမ်းအပိုင်းများသည် အရေးပါမှုနှင့်ယာဉ်သွားလာမှုနည်းပါးသည့်အတွက် ၎င်းလမ်းအပိုင်းများတွင် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေစေရန်အတွက် လမ်းအကျယ်များကို တစ်ရက်ပျမ်းမျှယာဉ်စီးရေသွားလာမှု စာမျက်နှာ ၆ ကော်လံ ၁ သို့❖

❖ စာမျက်နှာ ၅ မှ

အခြေအနေပေါ်မူတည်၍ ပြင်ဆင်သတ်မှတ်ထားပါကြောင်း၊ အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများအဖြစ် သတ်မှတ်ထားသော လမ်းများကိုမူ အနည်းဆုံး ယာဉ်သွားလမ်း အကျယ် (၂၄)ပေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ရန်ကုန်-ပြည် ကားလမ်း၏ တိုက်ကြီးနှင့်သာယာဝတီလမ်းအသုံးပြုခ ကောက်ခံရေးစခန်းများ၌ ၂၀၁၁ ခုနှစ် မေလနှင့် ဇွန်လများတွင်(၃)ရက် ပျမ်းမျှယာဉ်သွားလာမှု ကောက်ယူခြင်းစံနှုန်းအရ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေမှာ(၁၈၁၂)စီးဖြစ်သဖြင့် လက်ရှိလမ်းအကျယ်နှင့်ပင် လုံလောက်သောအခြေအနေရှိသော်လည်း လမ်းသားအကျယ်(၁၈)ပေနှင့်(၂၂)ပေအကျယ်ရှိလမ်းအပိုင်းများကို လမ်းအကျယ်(၂၄)ပေ ရရှိရန် မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ပွင့်လင်းရာသီတွင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊** ထို့ကြောင့် ရန်ကုန်-ပြည်လမ်းကို (၆)လမ်းသွားအဆင့်တိုးချဲ့ဖောက်လုပ်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ **ခိုလန်မြို့မှ တာကော်တံတားအထိ လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ရေးအတွက် နိုင်ငံတော်က မည်ကဲ့သို့ အစီအစဉ်ရှိသည်နှင့် နိုင်ငံသားပိုင်ပုဂ္ဂလိကကုမ္ပဏီများအား B.O.T စနစ်ဖြင့် ချထားပေးမည့် အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်စန်မှ တာကော်အထိ(၉၄)မိုင် (၄)ဖာလုံလမ်းအား တိုင်းရင်းသားလုပ်ငန်းရှင်များက ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြလာပါက စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ စိစစ်ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များအား စိစစ်ဖိတ်ခေါ်၍ လမ်း၊ တံတားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းပညာပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ခိုလန်မြို့နယ်ခွဲမှ တာကော်တံတားအထိအပိုင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း မိုင်(၅၀)(၄)ဖာလုံ၊ လမ်းကြမ်းသောအပိုင်းများအား ကတ္တရာလမ်းအနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း(၁၇)မိုင်၊ ကတ္တရာလမ်းပေါက်များဖာထေးခြင်း မိုင်(၅၀)၊ သစ်သားတံတားများပြင်ဆင်ခြင်း(၁၁)စင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားသည့်အတွက် အရေးပါသောလမ်းမကြီးတစ်လမ်း ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ အပိုင်းလိုက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည့်အတွက် ဆက်သွယ်သွားလာမှုချောမွေ့ခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်ကြီး-လွိုင်လင်အပိုင်း၊ လွိုင်လင်-နယ်စပ် အပိုင်းများကို ဘီအိုတီစနစ်ဖြင့် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ချောမွေ့စွာသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ နမ့်စန်-ခိုလန်-တာကော်အပိုင်း လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး၏ တနသ်ာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ညောင်ပင်ကွင်း ချောင်းကူးတံတားတစ်စင်းကို အစိုးရက ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လမ်းအရှည်(၆၉)မိုင်ရှိသော တနသ်ာရီ-ညောင်ပင်ကွင်း-သဘော့လိပ်-သဲဖြူ-မောတောင်လမ်း မိုင်တိုင်(၉)မိုင်(၄)ဖာလုံတွင် အကျယ်ပေ(၃၀၀)ရှိ ညောင်ပင်ကွင်းချောင်းဖြတ်သန်းစီးဆင်းလျက်ရှိပါကြောင်း၊ ညောင်ပင်ကွင်းရွာသည် ချောင်း၏အရှေ့ဘက်နှင့်အနောက်ဘက်တွင်ခွ၍တည်ရှိပြီး ညောင်ပင်ကွင်း အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းရှိ ညောင်ပင်ကွင်းရွာမသို့ ပြည်သူများနှင့်အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်ဖြတ်ကူးလျက်ရှိရာ နွေရာသီတွင် ရေနိမ့်တံတားထိုး၍လည်းကောင်း၊ မိုးရာသီတွင်စက်လှေဖြင့်လည်းကောင်း သွားလာလျက်ရှိသည်ကို သိရှိရပါကြောင်း။

ယုဇနဆောက်လုပ်ရေးကုမ္ပဏီက တနသ်ာရီ-ညောင်ပင်ကွင်း-သဘော့လိပ်-သဲဖြူ-မောတောင် လမ်းကို ဘီအိုတီစနစ်ဖြင့် လမ်း/တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါကုမ္ပဏီအနေဖြင့် တနသ်ာရီမြို့နယ် ညောင်ပင်ကွင်းချောင်းကူးတံတားဆောက်လုပ်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ညောင်ပင်ကွင်းချောင်းကူးတံတားတည်ဆောက်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း၏ **ပန်းတောင်းမြို့နယ် ဆင်တဲ-နဝဒေးတံတားလမ်းပိုင်းအား Express Bus များ၊ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မည့် လမ်းပိုင်းအဖြစ်သို့ တိုးချဲ့အဆင့်မြှင့်ပေးရန်အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့နယ်တို့ကို ဆက်သွယ်ထားသော ဆင်တဲနှင့်နဝဒေးတံတားချဉ်းကပ်လမ်းသည် ပန်းတောင်း-တောင်ကုတ်လမ်း မိုင်တိုင်(၁/၇)မှ(၄/၃)အထိ (၂)မိုင်(၄)ဖာလုံရှည်လျားပြီး (၁၂)ပေအကျယ်ကတ္တရာလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအချို့နေရာများသည် ဧရာဝတီမြစ်ကမ်းဘေးတောင်တန်းများတစ်လျှောက်ကွေ့ပတ်ဖောက်လုပ်ထားသည့်လမ်းဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် မိုင်တိုင်(၁/၇)မှ(၄/၃) အတွင်း ဧရာဝတီမြစ်ကမ်းပါး တောင်ပတ်လမ်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီမြစ်ကမ်းဘေးတောင်တန်းများတစ်လျှောက် ကွေ့ပတ်ဖောက်လုပ်ထားသောလမ်းဖြစ်သည့်အတွက် လမ်းချဲ့မည်ဆိုပါက အနည်းဆုံးလမ်းတာအကျယ်ပေ (၄၀)အကျယ်ချဲ့ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆင်တဲကျေးရွာအဝင်လမ်းတစ်လျှောက် လူနေအိမ်များသည် လမ်းတာပေါင်ပေ(၄၀)အကျယ်အတွင်း ရောက်ရှိနေသည့်အတွက် လူနေအိမ်ခြေများ ဖျက်သိမ်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သာသနာ့အဆောက်အအုံများဖြစ်သော ငွေဘုံသာဘုရားတန်ဆောင်း၊ တန့်ကြည်တောင်ဘုရားတန်ဆောင်းနှင့် ဗိုလ်ရုံကျောင်းတိုက်များသည်လည်း တိုးချဲ့မည့်လမ်းတာပေါင်အတွင်း ရောက်ရှိနေသည်ကိုတွေ့ရှိရပါကြောင်း။

ကျောက်တောင်နံရံကြီးများအား လမ်းချဲ့ရာတွင် မိုင်း၊ ယမ်းများအသုံးပြုရမည်ဖြစ်သည့်အတွက် အနီးရှိစက်ရုံများနှင့်ယာဉ်သွားလာမှုတို့အတွက် အန္တရာယ်ရှိမည်ဖြစ်ပါကြောင်း၊ ပန်းတောင်းမြို့နယ်ရှိ ဆင်တဲနှင့်နဝဒေးတံတားချဉ်းကပ်လမ်းအပိုင်း အဆင့်မြှင့်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနှင့်လမ်းပြင်ဆင်ထိန်းသိမ်းခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့ကတင်သွင်းခဲ့သော စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏ များစွာသုံးစွဲနေမှုမှလည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန်အတွက်လည်းကောင်း ရေသယံဇာတအသုံးပြုမှုတို့က အများပြည်သူကောင်းကျိုးရှိမှုနှင့် ရေသယံဇာတထိန်းသိမ်းရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးနိုင်ပါရန်"**အဆိုနှင့် စပ်လျဉ်း၍ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်တို့က အနာဂတ်နိုင်ငံတော်၏ ရေသယံဇာတများကို နောင်လာနောက်သားများအတွက်မျှော်ကိုးပြီး တင်သွင်းထားသောအဆိုဖြစ်သဖြင့် လျော်ကန်သင့်မြတ်သည့်အဆိုဖြစ်ပါကြောင်း၊ ယခုအခါ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေသယံဇာတဥပဒေတစ်ရပ်လိုအပ်နေသည်ဟု ယူဆပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြပြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ရေသယံဇာတဆိုင်ရာဥပဒေကြမ်းတင်သွင်းလာပါက အချိန်ပေးဆွေးနွေးသင့်သကဲ့သို့ ပါဝင်သင့်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တမံ၊ ကန်စသည်တို့ ခြုံငုံပါရှိအောင်လည်း လိုအပ်ပါကြောင်း၊ ဦးစိုးဝင်း၏အဆိုကိုမှတ်တမ်းတင်ထားရှိကာ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေကြမ်းတင်သွင်းလာသည့်အခါ ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ၁၉၉၇ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ ရာစု အစီအစဉ် အခန်း(၁၂)တွင် ရေချိုသယံဇာတများ ရေရှည်စီမံခန့်ခွဲမှုနှင့် နိုင်ငံဆိုင်ရာဘက်စုံရေသယံဇာတ အုပ်ချုပ်မှုဆိုင်ရာမူဝါဒ၊ စီမံချက်နှင့်စီမံခန့်ခွဲမှုစနစ်များရေးဆွဲရေးကို ဖော်ပြထားပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအပိုင်း(၃)သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲခြင်းကဏ္ဍတွင် ရေချိုသယံဇာတများ စီမံခန့်ခွဲခြင်းကို ဖော်ပြထားပါကြောင်း။

**စက်ရုံအလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေးအတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ ၅-၉-၂၀၁၁ ရက်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်(၂၁)ဦးပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊** အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းမှုမဖြစ်စေရန်နှင့်သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများမဖြစ်စေရေးတို့အတွက် ရေထုနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးစီမံချက်(တည်မြဲအမိန့် အမှတ်-၃)ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း စက်မှုလုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ်အရည်များအားသန့်စင်ပြီးမှ စွန့်ပစ်ရေးအတွက် သန့်စင်စက်ရုံများတည်ဆောက်ရန်နှင့်အခြားညစ်ညမ်းမှုထိန်းချုပ်သည့်နည်းလမ်းများ ဆောင်ရွက်ရန် ၁၉၉၄ ခုနှစ်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါကြောင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ ရေဝေရေလဲဒေသများ အုပ်ချုပ်ရေးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီး ရေဝေရေလဲဒေသထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ ရေဝေရေလဲစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိက မြစ်ချောင်းများနှင့် ဆည်၊ ရေလှောင်တမံများအား ထိခိုက်မှုရှိနိုင်သည့် ရေဝေရေလဲဒေသများအတွင်း ရွှေနှင့် သတ္တုအမျိုးမျိုးတူးဖော်ခြင်းကို လုံးဝကန့်သတ်ထားပါကြောင်းနှင့် ခွင့်ပြုပေးခြင်း မရှိပါကြောင်း။**

**ရွှေတူးဖော်ခြင်းများကြောင့် ဧရာဝတီမြစ်ကြီး အထက်ပိုင်းမြစ်ကြမ်းပြင်မြင့်တက်စေမှု၊ မြစ်ကမ်းဘေးများ ပျက်စီးမှုမဖြစ်စေရေး၊ ရွှေနှင့်ကျောက်စိမ်းများ တူးဖော်မှုကြောင့် ဥရုချောင်းသဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး၊ ချင်းတွင်းမြစ်သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးတို့အတွက် ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေနှင့် ဧရာဝတီမြစ်ကြီးဖြတ်သန်းစီးဆင်းရာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကျောက်စိမ်းတူးဖော်မှု၊ ရွှေသတ္တုတူးဖော်မှုတို့ကို မြန်မာ့သတ္တုတွင်းဥပဒေပါအတိုင်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂-၁၀-၂၀၀၆ ရက်တွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်ပါ မြစ်ချောင်းနယ်အတွင်း ရေညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့်သယံဇာတထုတ်လုပ်ခြင်း၊ ရေကြောင်းသွားလာအသုံးပြုခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းများနှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ ရေးဆွဲကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရေနှင့် ပတ်သက်သည့် လွှမ်းခြုံရေးဆွဲထားသောစီမံချက် (Water Master Plan) တစ်ခုနှင့် ရေချိုနှင့်မြေအောက်ရေတို့ကို အခွန့်ရှည်စွာသုံးစွဲနိုင်ရေးအတွက် ဘက်စုံရေစီမံခန့်ခွဲမှု မဟာဗျူဟာ(Integrated Water Resources Management Strategy)ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်မှစတင်လျက် UNESCAP နှင့် FAO တို့ဖြင့်ပူးပေါင်းလျက် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့်နည်းဗျူဟာရေးဆွဲဖော်ထုတ်ရေးတို့အတွက် အစပြုဆောင်ရွက်ခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လုပ်ငန်းအဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အချိန်၌ မြန်မာနိုင်ငံ ရေသယံဇာတမိတ်ဖက်အဖွဲ့အစည်း (Myanmar Water Partnership) ဖွဲ့စည်းဆောင်ရွက်နိုင်ရန် အဆင့်ဆင့်စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်လည်း မြန်မာနိုင်ငံရေသယံဇာတ မိတ်ဖက်အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရေသယံဇာတ မိတ်ဖက်အဖွဲ့အစည်း ဖွဲ့စည်းပြီးပါက ရေအရင်းအမြစ်ဆိုင်ရာမူဝါဒနှင့် အမျိုးသားအဆင့်ရေအရင်းအမြစ်စီမံခန့်ခွဲမှုနည်းဗျူဟာတို့အား ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့်ဌာနအဖွဲ့အစည်းများပူးပေါင်းလျက် အမြန်ဆုံးဖော်ထုတ်ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်းတည်ရှိသော မြစ်ချောင်းများအတွင်းရှိ ရေသယံဇာတစုစုပေါင်းမှာ ဧကပေ သန်းပေါင်း(၈၇၀)ခန့်ဖြစ်ပြီး ဆည်ကန်(၃၇၁)ခု၊ မြစ်ရေတင်လုပ်ငန်း(၃၆၇)ခုတို့မှ တစ်နှစ်ပတ်လုံး အသုံးပြုသောရေမှာ ရေသယံဇာတစုစုပေါင်း၏ (၆) ရာခိုင်နှုန်းခန့်သာရှိပါကြောင်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တူးဖော်ထားရှိသည့် စိုက်ပျိုးရေနှင့်သောက်သုံးရေအပြင် အခြားသုံးမြေအောက်ရေထုတ်ယူသုံးစွဲမှုစုစုပေါင်းမှာ ဧကပေသန်းပေါင်း(၃ ဒသမ ၂၄၈)ရှိသဖြင့် **စုစုပေါင်းမြေအောက်ရေသယံဇာတ (ဧကပေသန်းပေါင်း ၄၀၀ ဒသမ ၇၂)၏ (၀ ဒသမ ၈၁)ရာခိုင်နှုန်းကိုသာ ထုတ်ယူသုံးစွဲလျက်ရှိပါကြောင်း၊ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့်သဘာဝသယံဇာတတို့ကို ပြည်သူလူထုအကျိုးငှာ လုပ်ငန်းသဘောအရထုတ်ယူသုံးစွဲရသော်လည်း ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့ကို အများပြည်သူကောင်းကျိုးရှိမှုနှင့်ရေသယံဇာတထိန်းသိမ်းရေးအတွက်လည်းကောင်း ဥပဒေများအတိုင်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။**

ပို့ဆောင်ရေးဝန်ကြီးဌာနက လက်ရှိပြဋ္ဌာန်းထားသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေရှိပြီးဖြစ်သည့်အပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေများရေးဆွဲ၍ တင်ပြထားပြီးဖြစ်ရာ အဆိုပါဥပဒေ၊ နည်းဥပဒေများအရ ထိရောက်စွာထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပြုစုပြီး ပြဋ္ဌာန်းရန်တင်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေ စသည့် ရေသယံဇာတတို့ကို ရေရှည်သုံးစွဲရန်နှင့် ရေထုညစ်ညမ်းမှုအန္တရာယ်မှကာကွယ်မှုပေးနိုင်ရန် ဥပဒေများကို ထည့်သွင်းဖော်ပြထားပြီးဖြစ်ရာ အဆိုပါဥပဒေကို နိုင်ငံတော်က တရားဝင်ပြဋ္ဌာန်းပြီးသည့်အခါ ယခုထက်ပိုမိုထိရောက်စွာထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ သီးခြားဥပဒေတစ်ရပ်ထပ်မံပြဋ္ဌာန်းရန် လို/မလိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သုံးသပ်ဆုံးဖြတ်မှုပြုနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဦးစိုးဝင်း၏အဆိုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ရန် သဘောတူသည့်အတွက် မှတ်တမ်းတင်ထားရှိဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး အစည်းအဝေး(၃၄)ရက်မြောက်နေ့ကို အောက်တိုဘာ ၇ ရက်မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

# ရန်ကုန်မြို့လယ်ရုံများ၌ ဖလန်းဖလန်းဖြစ်တဲ့အချစ် ဇာတ်ကားသစ်ပြသ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာရုပ်ရှင်ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် အောက်တိုဘာ ၇ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများဖြစ်သော သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် TOP ROYAL ရုံတို့တွင် **"ဖလန်း ဖလန်း ဖြစ်တဲ့အချစ်"** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။

ဟာသရုပ်ရှင်ကားများတွင် လက်ရာမြောက်လှသော ဒါရိုက်တာ ညီညီထွန်းလွင်နှင့် အတူ တွဲဖက်ဒါရိုက်တာ ဩရသတို့ ပါဝင်ရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းမှာ လွင်မင်းအုံ့ဖြစ်သည်။ ဇာတ်လမ်းမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ခင်ပွန်းကွယ်လွန်ခဲ့သူ သားတစ်ယောက် မိခင်တစ်ဦးနှင့် သူ့လိုပင် အသက်ငယ်ငယ် အရွယ်ကောင်းစဉ် ဇနီးကွယ်လွန်ခဲ့ရသည့် သမီးတစ်ယောက်ဖခင်တို့၏ ကူးလူးယှက်နွယ် ပတ်သက်ကြသည့်ဇာတ်လမ်းဖြစ်ပြီး ပို၍ထူးဆန်းရသည်မှာ မိဘချင်းသာမက သားသမီးချင်းပါ သံယောဇဉ်နှောင်ကြိုးတွယ်တာကြသည့်အခါနှစ်စုံတွဲလက်ထပ်ဖို့ ဖြစ်၊ မဖြစ် ဒွိဟဖြစ်လာကြသည့် ဇာတ်လမ်းဖြစ်သည်။ နောက်ဆုံးဇာတ်သိမ်းခန်းကိုတော့ ပရိသတ်အတွက် ချန်လှပ်ထားပါသည်။ အကယ်ဒမီရန်အောင်၊ အကယ်ဒမီနေတိုး၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ မေသဥ္ဇာဦးတို့နှင့် အတူ သရုပ်ဆောင်များစွာ ပါဝင်ကြသည်။



ဖလန်း ဖလန်း ဖြစ်တဲ့အချစ် ဇာတ်ကားမှ သရုပ်ဆောင်များကို တွေ့ရစဉ်။

# ဧရာဝတီနှင့် စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၂၇၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၀ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

☆အဖျက်သမားများမှ **အမြန်ရထားစီးပြီး နံနက်စောစောပိုင်းတွင် မိမိတို့သွားလိုသည့် ခရီးဆုံးမြို့များသို့ ရောက်ရှိကြသဖြင့် တစ်နေ့တာလုပ်ငန်းကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပြီး ညပိုင်းတွင် မိမိတို့ဒေသသို့ ပြန်ခွင့်ရရှိသည့်အတွက် လုပ်ငန်းများ အချိန်တိုတိုဖြင့်ဆောင်ရွက်နိုင်ပြီး များစွာအဆင်ပြေသဖြင့် ရန်ကုန်-မန္တလေး မြို့ကြီးများသို့ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားများအား နေ့အခါပြေးဆွဲခြင်းအစား ယခင်ကကဲ့သို့ ညပိုင်းတွင် ပြေးဆွဲပေးရန် အစီအစဉ်ရှိ /မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့မီးရထားအနေဖြင့် ရထားများကို ယခင်က ညအချိန်ပြေးဆွဲပေးခဲ့သည့်အတွက် ခရီးသည်များ အဆင်ပြေနှစ်မြို့က်ကြသည်ကို သိရှိရကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် အဖျက်သမားများက ညအမှောင်နှင့် ခရီးသည်များအိပ်ပျော်နေမှုကို အခွင့်ကောင်းယူပြီး ရထားလမ်းနှင့် ရထားတွဲများပေါ်၌ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည့်အတွက် ပြည်သူလူထုနှင့်ခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် အဓိကထားစဉ်းစား၍ အန္တရာယ်ရှိနိုင်သည့် လမ်းပိုင်းများတွင် အလင်းရောင်ရှိချိန်ဖြစ်သည့် နံနက်(၆)နာရီမှ ညနေ(၆)နာရီအတွင်း၌သာ လူစီးရထားများ ဖြတ်သန်းစေရေး ဆောင်ရွက်ခဲ့ရပါကြောင်း။

**ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ခရီးသည်များသည် ဟိုတယ်စရိတ်နှင့်စားသောက်စရိတ်များ ချွေတာရန်ရည်မှန်း၍ ညရထားများစီးနင်းလေ့ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ညရထားများကို ပြေးဆွဲသင့်ကြောင်းကို သုံးသပ်တွေ့ရှိရသော်လည်း လက်ရှိအခြေအနေအရ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ကုန်ရထားများကိုသာ နေ့ရောညပါ ပြေးဆွဲပေးပြီး လူစီးရထားများကိုမူ ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်နှင့် ပြည်သူ့အကျိုးစီးပွားကိုရှေးရှု၍ နေ့အချိန်သာ ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ နောင်တွင် အဖျက်သမားများ၏ အန္တရာယ်ပေးနိုင်မှု လျော့နည်းပပျောက်သွားပါက လူစီးရထားများကို နေ့ပိုင်းသာမက ညပိုင်းတွင်ပါ ပြေးဆွဲပေးမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **“CNG သုံးစွဲခွင့် အသစ် ထပ်မံလျှောက်ထားခြင်းများ ရပ်ဆိုင်းထား၍ မည်သည့်အချိန်တွင် ပြန်လည်ခွင့်ပြုမည်ကို သိရှိလိုပါကြောင်း”** နှင့် **“ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ အစားထိုးရရှိသော ယာဉ်အသစ်များတွင် CNG အိုးများကို ပြန်လည်အသုံးပြုခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ”** မေးခွန်းများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်သက်တမ်း နှစ်(၄၀)ကျော် ယာဉ်များ စတင်အပ်နှံသည့် စက်တင်ဘာ(၁၉)ရက်မှစ၍ ယနေ့အထိ ယာဉ်စီးရေ စုစုပေါင်း(၇၇၄၄)စီးကို လက်ခံရရှိပြီးဖြစ်ပါကြောင်း၊ ယင်းတို့အထဲတွင် CNG တပ်ဆင်ထားသည့်ယာဉ် (၃၄၄)စီး ပါရှိပြီး CNG Kit နှင့် Gas အိုးများကို ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း။

ယာဉ်ဟောင်းကို အစားထိုးတင်သွင်းလာသည့် ယာဉ်သစ်သည် CNG အသုံးပြုယာဉ်ဖြစ်ပါက မူလယာဉ်ဟောင်းကို ခွင့်ပြုထားသည့် Capacity အတိုင်း CNG ပြောင်းလဲတပ်ဆင်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ အသစ်တင်သွင်းလာသည့် မော်တော်ယာဉ်၏ Gas အိုးအရွယ်အစား Capacity အတိုင်း မူတည်စဉ်းစားမည်မဟုတ်ဘဲ အပ်နှံသည့်ယာဉ်ဟောင်း၏ Gas အိုး Capacity အတိုင်းသာ ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် လောင်စာဆီနှစ်မျိုးသုံး မော်တော်ယာဉ်သစ်ကို တင်သွင်းမည်ဆိုပါက ဓာတ်ဆီကိုသာ အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ လက်ရှိကုန်းတွင်းမှရရှိသည့် သဘာဝဓာတ်ငွေ့ကိုသာ CNG အဖြစ် မော်တော်ယာဉ်များ၌ သုံးစွဲနိုင်ပါကြောင်း၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် တစ်နေ့လျှင် ကုဗပေသန်း(၇၀)ခန့်သာရှိပြီး CNG ယာဉ်များအတွက် ကုဗပေသန်း (၂၀)ခန့်ကို ဖြန့်ဖြူးပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ကုန်းပိုင်းလုပ်ကွက် (၁၈) ကွက်ကို နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိလာသည့်အခါဖြစ်စေ၊ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကိုယ်တိုင်ရှာဖွေမှုမှ သဘာဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိလာသည့်အခါတွင်ဖြစ်စေ CNG တိုးချဲ့ဖြန့်ဖြူးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **“နေပြည်တော်နှင့် ရန်ကုန် စသော မြို့ကြီးများ၌ ငွေစက္ကူအကြွေ(ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်)များ လုံလောက်အောင် လဲလှယ်ပေးခဲ့သဖြင့် အများပြည်သူများ အဆင်ပြေရသကဲ့သို့ နယ်မြို့များရှိပြည်သူများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့နိုင်စေရေးအတွက် အလားတူ ငွေစက္ကူအကြွေသစ်များအား လုံလောက်စွာ လဲလှယ်ပေးရန်အစီအစဉ်ရှိ/မရှိ”**မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း ငွေစက္ကူများ သို့မဟုတ် ငွေဒင်္ဂါးများဖြစ်သည့် ပြည်တွင်းသုံးငွေကို တစ်ဦးတည်း ထုတ်ဝေသူအဖြစ် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ လွယ်လင့်တကူ ကိုင်တွယ်ပေးချေ လဲလှယ်သုံးစွဲနိုင်ရန် ၁ ကျပ်တန် မှ ၅၀၀၀ ကျပ်တန်အထိ ငွေစက္ကူအမျိုးအစားစုံ ထုတ်ဝေဖြန့်ဖြူးပေးလျက် ရှိသကဲ့သို့ ပြည်တွင်းပြည်ပ၌ မြန်မာကျပ်ငွေတန်ဖိုး တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းလျက်ရှိပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများအား ငွေကြေးကိုယ်စားလှယ်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ငွေစက္ကူများကို ထုတ်ဝေဖြန့်ဖြူးပေးလျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)မှ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃၀)သို့ လည်းကောင်း၊ ရန်ကုန်ဘဏ်ခွဲမှ အောက်မြန်မာပြည် မြန်မာ့စီးပွားရေးဘဏ် (၁၄၁)ဘဏ်သို့လည်းကောင်း၊ မန္တလေးဘဏ်ခွဲမှ အထက်မြန်မာပြည် မြန်မာ့စီးပွားရေးဘဏ်(၁၃၉)ဘဏ်သို့လည်းကောင်း တန်ဖိုးငယ်ငွေစက္ကူများဖြစ်သည့် ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်နှင့် ၂၀၀ ကျပ်တန် ငွေစက္ကူများအပါအဝင် ငွေစက္ကူအမျိုး အစားစုံကို မိမိတို့၏လက်ကျန်ငွေပေါ်မူတည်၍ ဘဏ်ခွဲအကြီးအသေးအလိုက် လစဉ် ဖြန့်ဝေပေးလျက်ရှိပါကြောင်း။**

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများအတွင်း တန်ဖိုးငယ်ငွေစက္ကူများ သုံးစွဲမှု အထိုက်အလျောက်အဆင်ပြေစေရန် ၁၀ ကျပ်တန် မှ ၅၀၀ ကျပ်တန် ငွေစက္ကူများကို ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများသို့ ၂၂-၁-၂၀၀၈ ရက်မှ ၃၀-၉-၂၀၁၁ ရက်အထိ ငွေကျပ်(၁၈၅၉)သန်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှ စည်ပင်သာယာဈေးများဌာနများသို့ ၈-၈-၂၀၀၈ ရက်မှ ၃၀-၉-၂၀၁၁ ရက်အထိ ငွေကျပ်(၂၃၂၈)သန်း ဖြန့်ဖြူးလဲလှယ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲခရိုင်ဘဏ်ခွဲများသို့ စင်းလုံးငှားလေယာဉ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ မြန်မာ့စီးပွားရေးဘဏ်များသို့ ဘဏ္ဍာငွေသယ်ယူသည့်အခေါက်တိုင်းတွင် လည်းကောင်း တန်ဖိုးငယ်ငွေစက္ကူများ ပုံမှန်ဖြည့်တင်းပေးခဲ့ပါကြောင်း၊ ထို့အပြင် **နိုင်ငံ့ဝန်ထမ်းများ လွယ်လင့်တကူ တန်ဖိုးငယ်ငွေစက္ကူများ အသုံးပြုနိုင်ရန်အတွက် နေပြည်တော်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ ၂၀၁၁ ခုနှစ် မေလ လစာမှစတင်၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ ၂၀၁၁ ခုနှစ် ဇူလိုင်လ လစာမှ စတင်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ ၂၀၁၁ ခုနှစ် မတ်လ လစာမှစတင်၍လည်းကောင်း ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်နှင့် ၂၀၀ ကျပ်တန် ငွေစက္ကူသစ်များကို ထည့်သွင်းထုတ်ပေးလျက်ရှိပါကြောင်း။**

**တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်များနှင့် နယ်မြို့များတွင်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ လစာငွေများတွင်လည်း တန်ဖိုးငယ်ငွေစက္ကူများကို ထည့်သွင်းထုတ်ပေးနိုင်ရန်အတွက် ၎င်းတို့၏ အင်အားစာရင်းရရှိနိုင်ရန် စီစဉ်လျက်ရှိပြီး အင်အားစာရင်းရသည့်အခါတွင် ဗဟိုဘဏ်၏ လက်ကျန်ငွေနှင့် ချိန်ဆပြီး ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဆိုင်ပေါင်းနပ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက်အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး မေးမြန်းစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၄၊ ပြင်ဆင်ချက်အပိုဒ် ၈၊ ပြင်ဆင်ချက်အပိုဒ် ၁၀(က)၊ ပြင်ဆင်ချက်အပိုဒ် ၁၆(ဒ)တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုထားသော မူလပြဋ္ဌာန်းချက်အတိုင်းသာထားရှိသင့်ကြောင်း လွှတ်တော်က သဘောတူညီသည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၈(ဇ)(၅)ဖြည့်စွက်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောမတူသူမရှိသည့်အတွက် ဖြည့်စွက်ချက်အတည်ဖြစ်၍ အပိုဒ်၈(ဇ)(၅)သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား အမျိုးသားလွှတ်တော်က သဘောမတူသည့် သဘောထားကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို တင်သွင်းသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်တွင် ပြန်လည်ဆွေးနွေးခဲ့ရာ သဘောမတူသည့် သဘောထားကွဲလွဲချက်များကို အမျိုးသားလွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် လွှတ်တော်ကဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော လယ်ယာမြေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို တင်သွင်းရာ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့က မူဝါဒများချမှတ်ခြင်း၊ အချက်အလက်များရယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက



ရထားပို့ဆောင်ရေး ဝန် ကြီး ဌာ န ဒုတိယဝန်ကြီး သူရ ဦး သောင်း လွင် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

ဖြစ်စေ ပြန်လည်ရေးဆွဲရန် ပေးပို့မည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အခိုင်အမာပြည့်စုံစေရန် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **“အများပြည်သူသုံး ရေပေးဝေရေးလုပ်ငန်းတစ်ခုလုံးဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေပုဂ္ဂလိက သို့မဟုတ် အများပိုင်စနစ် သို့မဟုတ် ဖက်စပ်စနစ်တစ်ခုခုဖြင့် လုပ်ကိုင်ခွင့်ပြုရန်အတွက် လိုအပ်သောစည်းမျဉ်းဥပဒေတစ်ရပ် ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမျိုးသားလွှတ်တော်ဌာနသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ထို့နောက် အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစံပြည့်က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းတင်သွင်းထားသည့်**“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန်”** အဆိုနှင့်စပ်လျဉ်း၍ ကော်မတီ၏ ကြားနာသုံးသပ်မှုအစီရင်ခံစာကို လွှတ်တော်သို့တင်သွင်းရာ မူလအဆိုကို ကော်မတီဥက္ကဋ္ဌကတင်သွင်းသည့် ကော်မတီ၏ ကြားနာသုံးသပ်မှုအစီရင်ခံစာပါအတိုင်း ပြင်ဆင်သဘောတူအတည်ပြုကြောင်းနှင့် ကော်မတီ၏အစီရင်ခံစာပါအတိုင်း ဆောင်ရွက်ရန်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်ပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်ပြီး (၃၃)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၃)ခုကို သက်ဆိုင်ရာဒုတိယဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခုကို တင်သွင်းပြီး ယင်းတို့အနက်မှ (၁)ခုကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ခြင်း၊ ကျန်(၁)ခုကို ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆုံးဖြတ်ခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်းနှင့် အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၏ ကြားနာသုံးသပ်မှုအစီရင်ခံစာ(၁)ခုတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အသေးစားနို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် အသေးစားနို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး FAO Livestock Policy Officer Mr. Vinod Ahuja က စီမံကိန်းလုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

အသေးစားနို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၃ ခု၌ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကာလမှာ လေးနှစ်ဖြစ်သည်။ စီမံကိန်းဒေသအတွင်း အသေးစားနို့စားနွားမွေးမြူသူများ၏ နို့ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း တိုးတက်ရေး၊ မိသားစုဝင်ငွေတိုးတက်ရေး၊ သန့်ရှင်းသောနို့ထုတ်လုပ်ရေး၊ နို့နှင့် နို့ထွက်ပစ္စည်း ဈေးကွက်ဖွံ့ဖြိုးရေးနှင့် အခြေခံပညာကျောင်းများတွင် နွားနို့တိုက်ကျွေး၍ ကျောင်းသားလူငယ်များ၏ ကျန်းမာသန်စွမ်းမှု အထောက်အကူပြုရေးနှင့် နို့သောက်သုံးမှုအလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇-၁၀-၂၀၁၁ (သောကြာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “စိတ္တာနုပဿနာသတိပဋ္ဌာန်” တရားတော် (ဆရာတော်ဦးယောသိတ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၄၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၉၁)**
- ၈း၅၀ 1st MFDG Fashion Phenomenon (Part-2)
- ၉း၅၀ Movie Talk
- ၁၀း၁၅ Activities In The City
- ၁၀း၂၅ ဖိုးတုတ်ကျေးရွာ တွဲဖက် အထက်တန်းကျောင်းလွှဲပြောင်းပေးအပ်ပွဲ
- ၁၀း၅၀ Activities In The City
- ၁၁း၂၅ ပြီးပြည့်စုံသော အလှတရားတို့အတွက် Fancy House Hair, Beauty Nail SPA
- ၁၁း၄၅ ရွှေရောင်တောက်ပ “မေ” ဖက်ရှင်အလှ
- ၁၂း၀၀ မြတ်ပန်းပွင့်၏ မြတ်နိုးဖွယ်ရာ
- ၁၂း၂၀ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် (အပိုင်း-၄)
- ၁း၀၀ “စိတ္တာနုပဿနာသတိပဋ္ဌာန်” တရားတော် (ဆရာတော်ဦးယောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၄၉)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၉၁)**
- ၅း၁၀ The Champion of Dance
- ၅း၄၀ ဝင်ငွေတိုးလို့ရိက္ခာဖြိုးစေမည့် အထူးအထွက်တိုးစပါးသိကောင်းစရာများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၅၀)**
- ၇း၀၅ 1st MFDG Fashion Phenomenon (Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ VJ Choice
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၉၂)**
- ၁၀း၂၀ Intellectural Talk
- ၁၀း၃၅ ဂီတသရုပ်ပြခန်း
- ၁၁း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၁း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၄၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၁း၄၅ World of Knowledge
- ၁၂း၃၅ ရိုးရာအလုပ်မှာ နိုးတောင်းနိုးဖျာ
- ၁၂း၄၅ လွှန်းတင်သည့်ကြိုး
- ၁း၀၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
- ၁း၂၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၁း၄၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁း၅၅ Shooting Location
- ၂း၁၀ ကလေးများအတွက် အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၂း၂၅ ဘဝများ
- ၂း၄၅ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၄း၃၀ လှမ်းခဲ့ပါဆွေ “မနောမြေ”
- ၄း၄၀ ဖူးမည်အမှန်. . . ထူးမည်ဧကန် . . . မာရ်ငါးမာရ်
- ၅း၀၀ အစီအစဉ်ပြီး။

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

# အမျိုးသားရေး တာဝန်တစ်ရပ်

✻ ရိုးရာအမွေအနှစ်တွေကို
တိုးကာချစ်စေဖို့
မျိုးမြန်မာ အစစ်တွေရဲ့ဝန်တာ။

✻ မြေမျိုလျှင် လူမျိုး မပျောက်သော်ငြား
လူမျိုးလျှင် လူမျိုး ပျောက်ပေလိမ့်
စိုးကြောက်ဖွယ်ရာ။

✻ ရေးထုံးလည်း မပယ်သာ
ဈေးသုံးလည်း မကြွယ်ပါ
ဉာဏ်ယှဉ်ကာ ကျင့်သုံး။

✻ အရိုးခံ အဖိုးတန်ပါတဲ့
အမျိုးမာန် ကမ္ဘာသိအောင်လ
ဇာတိအစဉ်အလာ ဖော်ကာထုတ်
ကြိုးကုတ်ကြဦး။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# တေးဆိုချိုမြ ဘဝရသ

## တက္ကသိုလ်လှမောင်(ရေတာရှည်)

ချိုမြတဲ့တေးသံလေးတွေက ဘဝရသလေးတွေပြောပြနေပါတယ်။ ချိုမြတဲ့ တေးသံစဉ်လေးတွေ နားဆင်ရတဲ့အခါ နှလုံးဘဝင် ကြည်လင်ချမ်းမြရပါတယ်၊ ခံစားလိုက်ရတဲ့ ဘဝရသဆိုတာ ဘာလဲ။

ဘဝဆိုတာ လောကပါပဲ၊ ဘဝရသဆိုတာ လောကရသ၊ လောကကြီးကို ခါးသီးစေချင်သလား၊ ချိုမြစေချင်သလား။ လှပတဲ့ လောကကြီးကို မြင်ချင်သလား၊ အရုပ်ဆိုး အကျည်းတန်တဲ့ လောကဖြစ်စဉ်တွေနဲ့ ကြုံချင်ဆုံချင်သလား၊ ငြိမ့်ညောင်းသာယာတဲ့ ဘဝညောင်ညို့ နားခိုချင်ပါတယ်ဆိုရင်တော့ လောကကြီးထဲက ဘဝရသလေးတွေ ထုတ်ယူသိမ်းပိုက်တတ်ကြဖို့ လိုအပ်လှပါတယ်။

တေးသီချင်းလေးတွေထဲမှာ ဘဝရသလေးတွေရှိပါတယ်။ သီချင်းထဲက ဓမ္မရသ အဆီအနှစ်ကလေးတွေ ထုတ်ယူနိုင်သလို ဓမ္မထဲမှာလည်း ငြိမ့်ညောင်းသံလွင် တေးသံစဉ်လေးတွေ ရှိနေပါတယ်။ သံစဉ်လို့ဆိုလိုက်ကတည်းကိုက ညီညွတ်မှုလေးတွေနဲ့ ဖွဲ့စည်းထားတာတွေ့ရမယ်။ BEAT လေးတွေ။ KEY လေးတွေ။ RHYTHM လေးတွေ။ ညီညွတ်တဲ့ စည်းချက် BEAT၊ လိုက်လျောတဲ့ KEY အသံ၊ မှန်ကန်တဲ့ RHYTHM လေးတွေက သာယာငြိမ့်ညောင်းတဲ့ အနုပညာလေးတွေကို ဖန်တီးမွေးဖွားပေးပါလိမ့်မယ်။ ချိုမြတဲ့ တေးသံလေးတွေက တန်ဖိုးကြီးလှတဲ့ ဘဝရသလေးတွေ မီးမောင်းထိုးပြနေလိမ့်မယ်၊ ဖြစ်သင့်တဲ့ ဘဝလောကကြီးဆီသို့ အရောက် ဆွဲငင်ခေါ်ယူသွားလိမ့်မယ်၊ သိမ်မွေ့တဲ့လူ့ယဉ်ကျေးမှုတွေ မှွမ်းထုံခြယ်သပြပါလိမ့်မယ်။

အဆိုအက အရေးအတီးပြိုင်ပွဲကြီးမှာ ထိုဘဝရသ ရောင်စဉ်တန်းလေးများ တလင်းလင်းတလက်လက် ယှက်ဖြာလို့ထွက်နေမှာကို ရင်တဖိုဖိုနှင့် စောင့်မျှော်နေမိပါတယ်။

လောကကြီးတစ်ခုလုံး ချစ်ခြင်းမေတ္တာတရားတွေနှင့် ဖုံးလွှမ်းထားပါတယ်၊ အလှတရားဆိုတာ အချစ်ရှိရာ မြေလွှာမှာသာ ပေါက်ဖွားပါတယ်၊ အချစ်ရှိရင် အလှရှိပါတယ်၊ အချစ်မရှိရင်အလှမရှိပါဘူး။

"မချစ်ရင်မလှ × ချစ်ရင်လှသတဲ့ × အချစ်ရှိမှ × အလှလဲရှိတယ်ရှင် × ဘဝလဲရှိတယ်ရှင် × × "

အချစ်ရှိမှ အလှလည်းရှိပါတယ်၊ တစ်ခါ အဲဒီအချစ်ကပဲ ချစ်စရာယဉ်ကျေးမှုလေးတွေ ခြွေချချန်ပစ်ခဲ့ပြန်တယ်။

"မေတ္တာကိုအလှူကြီးပေးသတဲ့ရှင် × ×"ဆိုပြီး အချစ်အလှူကြီးတွေ လိုက်ပေးနေရင်လည်း မမျှမတတွေ ဖြစ်ဦးမယ်၊ မေတ္တာအလှူကြီးတော့ ပေးကောင်းပါတယ်၊ ချစ်တာကို အလှူကြီးတွေ လိုက်ပေးနေရင်တော့ မကောင်းဘူးပေါ့၊ လင်ချစ် မယားချစ်ဆိုတာ တစ်လင်တစ်မယားစနစ်ပဲ ကောင်းပါတယ်၊ အဲဒီ တစ်လင်တစ်မယားစနစ်ဆိုတာ ယဉ်ကျေးမှုတစ်ရပ်ပါပဲ၊ လူတွေယဉ်ကျေးလာတဲ့ အဆင့်ရောက်မှ ဒီတစ်လင်တစ်မယားစနစ်ပေါ်လာရတာ၊ အဆိုတော်ကြီးတင်တင်မြရဲ့ "ချစ်တာပဓာန" သီချင်းထဲက တူနှစ်ကိုယ်ချစ်ကြင်နာမှုလေးက ဒီအချက်ကို ဖော်ကျူးပြနေပါတယ်။

"တူနှစ်ကိုယ် × တဲအိုပျက်မှာနေရ × ရွှေဘုံပေါ်မှာစံရ × ချစ်တာချစ်တာပဓာနလို့ × ဆိုချင်တယ်မောင်ရယ် × ချစ်တာချစ်တာပဓာနလို့ × ဆိုချင်တယ်မောင်ရယ် × အခုလဲချစ်ရမယ် × နောင်လဲချစ်ကြပါစို့ မောင်ရယ် ×"

အဆိုတော်ကြီးတင်တင်မြက အသက်အရွယ်အရ အချစ်သီချင်းတွေ မဆိုချင်တော့ပါဘူးတဲ့၊ ဒါပေမယ့် သူဆိုခဲ့တဲ့ အချစ်သီချင်းလေးတွေကတော့ လွင့်ပျံ့နေဆဲပါပဲ၊ ဘာပြုလို့လဲဆိုတော့ အချစ်တရားမှာ နိဂုံးတရားမရှိလို့ပါပဲ၊ ချစ်ခြင်းဟူသည် နိဂုံးချုပ် ပျောက်ကွယ်သွားတတ်တာမျိုးမှ မဟုတ်တာ။ အချစ်တို့ အမုန်းတို့ ပျောက်ဆုံးတဲ့တစ်နေ့ လောကကြီးတစ်ခုလုံးလည်း ပျောက်ကွယ်သွားရမှာပဲလေ။ ဒါကြောင့် လောကကြီးထဲမှာ လောကကြီးနှင့် အတူရှိနေစဉ်မှာတော့ အခုလဲချစ်ရမယ် နောင်လဲချစ်ကြပါစို့ မောင်ရယ်ဆိုတဲ့ တေးသံချိုချိုလေးတွေ ထာဝရသီဆိုနေစေချင်တာပါပဲ။

တူနှစ်ကိုယ်မဟုတ်တော့ဘဲ တူသုံးကိုယ် လေးကိုယ်တွေ ဖြစ်သွားရင် ယဉ်ကျေးမှုတစ်ရပ် ကမောက်ကမဖြစ်သွားနိုင်ပါတယ်၊ တလောက ဂျာနယ်တစ်စောင်မှာ သတို့သားကအလယ်မှာ ဘယ်ညာ သတို့သမီးနှစ်ယောက်နှင့်တွဲပြီး မင်္ဂလာအခမ်းအနားတစ်ခု ပြောင်ပြောင်တင်းတင်း ကျင်းပနေတဲ့ပုံ တွေ့လိုက်ရတယ်၊ မင်္ဂလာပရိသတ်တွေရဲ့အလယ်မှာ တူနှစ်ကိုယ် မဟုတ်တော့ဘဲ တူသုံးကိုယ်ဖြစ်နေတာမို့ ယဉ်ကျေးမှုတစ်ရပ်အတွက် စိုးရိမ်လိုက်မိပါတယ်၊ အဲဒီလို အချစ်ကို အလှူကြီးပေးသလို ပေးနိုင်တဲ့အခြေအနေမျိုးရောက်သွားရင် ပျက်စီးခြင်းမက ပျက်စီးသွားတော့မှာပါပဲ။

ချစ်တာနှင့် မေတ္တာမတူပါ၊ မေတ္တာသဘောက ရက်ရက်ရောရော အလှူကြီးပေးနိုင်လေကောင်းလေပါပဲ၊ ကျွန်တော် မေတ္တာလွှမ်းခြုံထားတဲ့ ဘဝရသ မေတ္တာဘွဲ့သီချင်းလေးတွေ ခေါင်းထဲရောက်လာသည်။

"မေတ္တာသတ္တော အနန္တောဟု × မြတ်ရှင်စော × ဟောကြားတာတွေ × ကမ္ဘာမြေလောကမလေ × သတ္တဝါတွေ ကျန်းမာပါစေ × မေတ္တာရေလောင်း × ဆုတောင်းကောင်းမှုခြွေ × "

"စမ်းရေအဟုန် × ချမ်းမြေ့ မြေဝသုန် × အေးမြကာ အစဉ်သာယုံ × ဖေးမကာ ကြင်နာပုံ × မေတ္တာဖျန်းမှ × လန်းဆန်းမယ်သာယုံ ×" "ရွှေမေတ္တာ ပို့ကြထာဝစဉ်× အကျိုးကပင် ဆယ့်တစ်ပါး× ပွားများမှုချပါပဲ အစဉ်×"

"တစ်ဦးအပေါ် တစ်ဦး× ချစ်ကြည်နူးကာ မေတ္တာဝေ × ရေစင်ဖျန်းကာ ပန်းပမာလန်းဖြာ× မေတ္တာတေး× လှစ်ကာခြွေ× သစ္စာရေအေးမြပါစေ××"

"အမျိုးသားမြန်မာတို့ရယ်× ကြိုးစားပါစို့တကယ်× သမာ သမာဓိရှိမှ တည်ကြည်ဖွယ်××"

"မေတ္တာရွှေရည် × ဖျန်းပါမှ လန်းရှာရသည် × မောင်မယ်တွေ × မာစေကြောင်း× သာစေကြောင်းနဲ့ ကမ္ဘာတစ်ဝန်းဆီ× အေးချမ်းစေမည် × မေတ္တာခြုံမှ လုံရရှာသည် × မေတ္တာသံပေး × တအေးအေးနဲ့သာ × သစ္စာပွင့်လန်းပန်းမှုန်ရနံ့ဖြာ × ဘဝင်မှာ အစဉ်သာ အကြင်နာချိုအီ× လောင်းလိုက်မည်× မေတ္တာ× ရွှေ× ရည်× × "

"လူတို့နှလုံးသား × အမုန်းမပွားကြဖွယ် × မေတ္တာဆွတ်ဖျန်း × ချစ်ပန်းလှိုင်ကြွယ် × အကြင်နာတရားတွေ ထားကြမှ စိတ်ထားမြတ်မယ် × × "

ချစ်စရာကောင်းလှသည့် မေတ္တာဘွဲ့ တေးသံလေးတွေက လူသားတို့၏ ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေသည်။ သီချင်းကိုယ်စီ ရသကိုယ်စီ ရှိကြပါသည်။ မျိုးချစ်စိတ်ဓာတ် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဆိုတာလည်း ဘဝရသ အဆီအနှစ်ကလေးပါပဲ၊ မျိုးချစ်စိတ်ဓာတ်မရှိလျှင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီး ပြိုကွဲပျက်စီးသွားတော့မှာပဲ၊ အဲဒီ ဘဝရသကို တေးသံချိုမြလေးတွေနှင့် သီကျူးလိုက်တော့ ကျွန်တော်တို့ရင်ထဲ ချစ်ဖွယ်မူယာပျံ့နှံ့စိမ့်ဝင်သွားပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ်ချစ်တယ်၊ ကိုယ်ချစ်တဲ့ တိုင်းပြည်ရဲ့ ရန်စွယ်အန္တရာယ်မှန်သမျှ ကိုယ် ကာကွယ်သွားမယ်။ တိုင်းပြည် အကျိုးပြုတေးတွေက တိုင်းချစ်ပြည်ချစ်သားငယ်လေးများကို မွေးဖွားပေးပါတယ်။

ချိုမြတဲ့တေးလေးတွေတိုင်းထဲမှာ အလှတရားကိုယ်စီ ရှိနေပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အချစ်ဘွဲ့၊ မေတ္တာဘွဲ့၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ လုပ်အားအလှ၊ ရှုခင်းအလှ၊ ဂုဏ်တော်အလှ၊ ဓမ္မအလှ၊



သစ္စာအလှ၊ ဘဝဂုဏ်အင်၊ အလှစုံလင် ရသအဖုံဖုံပင်တွေ ရှိရပါမည်။ မဟာဂီတပါတယ်၊ ကာလပေါ်တေးတွေ ပါတယ်၊ ဓမ္မတေးတွေပါတယ်၊ ရသရှိမှ အလှရှိသည်၊ ရသနှင့် အလှတရားသည် ဘဝ၏ ကိုယ်ပိုင်ပစ္စည်း ရတနာများဖြစ်ကြပါ၏။ အလှမရှိသော ဘဝ ရသမရှိသော ဘဝဟူသည် ရတနာမဲ့သောဘဝ၊ သီရိကျက်သရေ မရှိသော ဘဝများသာလျှင် ဖြစ်ကြပါ၏။

ထို့ကြောင့် ရသလေးတွေ မြတ်နိုးတတ်ရမည်။ အလှတရားလေးတွေ ကိုးကွယ်တတ်ရမည်။ အကြောင်းမူ အလှနှင့် ရသသည်ပင် ဘဝ၏ ဓမ္မတရားလေးတွေ ဖြစ်နေသောကြောင့် ပါတည်း။

နူးညံ့သိမ်မွေ့မှုဟူသည် တရားဓမ္မတို့မှသာလျှင် ပေါ်ပေါက်တတ်ရပါ၏။ အဓမ္မတရားတို့မည်သည် ယဉ်ကျေးမှု သိမ်မွေ့မှု၏ ဆန့်ကျင်ဘက်တရားများ ဖြစ်ကြပါ၏။ အဓမ္မလောကတွင် ရိုင်းစိုင်းမှု၊ ရက်စက်မှု၊ စစ်ခင်းမှု၊ ရန်သတ္တရု သတ်ဖြတ်မှုတို့သာလျှင် ကြီးစိုးနေသည်။ ငြိမ်းချမ်းမှု ဘယ်မှာရှာ၍ ရလိမ့်။

လောကကြီးတစ်ခုလုံးဟာ ဂီတသံစဉ် တေးလွင်လွင်လေးတွေချည်းပါပဲ။ ထိုသံစဉ်တေးလေးတွေကို ချိုချိုမြမြ သီဆိုနေကြလို့ လောကကြီးတည်မြဲနေတာပါ။ ဒီတော့ ဂီတရသဆိုတာလည်း လောကရသ၊ ဘဝရသပါပဲ။ လောကရဲ့ အထွတ်အထိပ်သော ဘဝရသကြီးက ဝိမုတ္တိရသခေါ်တဲ့ ဘဝလွတ်မြောက်မှုရသကြီးပါပဲ။ ဒီရသလမ်းကြောင်းကြီးပေါ် လျှောက်လှမ်းနိုင်အောင် တေးသံချိုမြ ပန်းအလှလေးတွေ ကြခင်းပေးနေရတာ။ ဒါကြောင့် ဘဝရသ ရရှိပိုင်ပိုင် ဆွတ်ခူးနိုင်ဖို့ တေးသံချိုချိုလေးတွေ သီဆိုသွားနိုင်စေရန် ဆန္ဒပြုလိုက်ရပါသည်။

နောက်ဆုံးမှာတော့ ကျွန်တော်တို့ရဲ့ တကယ့်ဘဝရသကြီးကို လှစ်ဖော်ကျူးရင့်ပြတဲ့ ဓမ္မတေးများကိုလည်း နားဆင်ရပါသည်။ ဓမ္မဘဝရသကို ဓမ္မတေးချိုချိုလေးတွေနှင့် သီဆိုကျူးရင့်လိုက်သောအခါ ကျွန်တော်တို့ တကယ့်မြတ်ဘုရားညွှန်ပြ၊ ငြိမ်းချမ်းမှု ရသကြီးကို လင်းလင်းရှင်းရှင်း ထင်းထင်းကြီး မြင်သွားမိပါတော့တယ်။

"တရားမရလို့ များလှသံသရာ× ကာမောဃာ၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ အရင်းခံသူ တဏှာ×"

"ချစ်စရာတွေးတော့ သမုဒယပါ× မဂ္ဂါဆေးနှင့် ကုရမှာ× "

"သုံးဆယ့်တစ်ဘုံ ဝဋ်အတွင်း× ကရွတ်ကွင်းလျှောက်တဲ့ တေဘူမှာ×"

ဘဝရဲ့ ရသအစစ်ကြီးကိုတွေ့ပါမှ ချိုမြတဲ့တေးသံလေးတွေ နားဆင်ရကျိုးနပ်ပါတယ်။ တေးသံချိုမြထဲက ဘဝရသလေးတွေ ထုတ်ယူတတ်ကြဖို့ လိုပါတယ်။ တေးသံချိုမြ ဘဝရသလေးများကို စောင့်မျှော်ရင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုလိုက်ရပါတော့သတည်း။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် အောက်တိုဘာ ၆

**ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။**

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းမြို့နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုရ ပျဉ်းမနားမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ ပထမဆုရ တပ်ကုန်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးကလည်းကောင်း ချီးမြှင့်သည်။

ထို့နောက် နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများကို ချီးမြှင့်ရာ အကောင်းဆုံး ဂိုးသမားဆုရ ပုဗ္ဗသီရိမြို့နယ်အသင်းမှ ဘိုဟိန်း၊ အကောင်းဆုံး နောက်တန်းကစားသမားဆုရ တပ်ကုန်းမြို့နယ်အသင်းမှ ထွန်းထွန်းဝင်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုရ ပျဉ်းမနားမြို့နယ်အသင်းမှ ချမ်းပြည့်စိုး၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ ပျဉ်းမနားမြို့နယ်အသင်းမှ အောင်မျိုးဦး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရ တပ်ကုန်းမြို့နယ်အသင်းမှ အောင်သီဟတို့အား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပထမဆုရ တပ်ကုန်းမြို့နယ်အသင်းအား ငွေသားဆု၊ ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးကိုကိုနိုင်က ရှင်းလင်းပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများက အပူဇော်ခံ အဘိုး၊ အဘွားများအား ဘိုးဘွား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် အပူဇော်ခံအဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပို့သကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက အပူဇော်ခံ အဘိုး၊ အဘွားများအား ဂါရဝပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မွန်ပြည်နယ်ဝန် ကြီး ချုပ် ဦး အုန်း မြင့် အ ပြည် ပြည် ဆိုင်ရာ သက်ကြီး ရွယ်အို များနေ့ အထိမ်း အမှတ် သက်ကြီး ပူဇော် ပွဲ အခမ်းအနား တွင် အဘိုး၊ အဘွားများအား ဂါရဝပြုပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၇-၁၀-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှုယည်
- ၈:၂၀ ၈။ "အဲ့ဒီမှာစတွေ့တာပဲ"
- ၈:၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄:၂၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၃၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၄:၅၀ ၇။ တေးဂီတအစီအစဉ်
- ၅:၀၀ ၈။ "ဂျပန်နိုင်ငံရဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အလားအလာများ"
- ၅:၁၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ပထမတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)
- ၅:၃၀ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၃)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၁၉။ လျှပ်တစ်ပြက်ဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၈)**
- ၂၁။ သီချင်းချစ်သူ (ဟဲလေး)
- ၂၂။ အစီအစဉ်ပြီး၏။





## အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း အနုပညာ မူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဆက်နွှယ်သော အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အထောက်အကူပြုမှုဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ဉာဏပစ္စည်းကာကွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတွင် မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ အကျိုးစီးပွားများပေါ် အခြေပြု၍ စနစ်တကျဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၆

**ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့အစည်း (World Intellectual Property Organization-WIPO)တို့ ပူးပေါင်းကျင်းပသည့် အနုပညာမူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဆက်နွှယ်သော အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးရေးတွင် အထောက်အကူပြုမှုဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဉာဏပစ္စည်း အဖွဲ့အစည်း (WIPO) မှ ဒါရိုက်တာ Mrs. Gao Hang နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ အနုပညာမူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဆက်နွှယ်သော အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ၂၀၀၈ ခုနှစ်က နောက်ဆုံးအကြိမ်ပြုလုပ်ခဲ့ပြီး ယနေ့ ကျင်းပသည့် နှီးနှောဖလှယ်ပွဲသည် ပဉ္စမအကြိမ် ကျင်းပသည့် နှီးနှောဖလှယ်ပွဲဖြစ်ကြောင်း၊ ဉာဏပစ္စည်း ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ အမျိုးသားအဆင့်အနေဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ အကျိုးစီးပွား အခွင့်အရေးများအပေါ် အခြေပြု၍ စနစ်တကျဆောင်ရွက်ရန် လိုကြောင်း။

ဤနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများသည် နယ်ပယ်အသီးသီး၏ အကျိုးစီးပွားကို လိုလားကြသူများဖြစ်ကြောင်း၊ အသိပညာဖလှယ်ရာ၌ အမြင်တူ ဆန္ဒတူအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမြင်များနှင့် အသိပညာ ဖလှယ်မှုအကျိုးများ ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ကမ္ဘာ့ဉာဏပစ္စည်း အဖွဲ့အစည်းမှ Copyright Development Service Division ဒါရိုက်တာ Mrs. Gao Hang က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကား ပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အနုပညာမူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဆက်နွှယ်သော အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပညာရှင်များက ဆွေးနွေးကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## ✤ ကျောဖုံးမှ

ဩစတြေးလျနိုင်ငံ စိတ္တဗေဒအသင်း၏ နှစ်စဉ်ညီလာခံ၌ အောက်တိုဘာ ၆ ရက်တွင် တင်သွင်းခဲ့သည်။

အအိပ်အနေလျော့နည်းလာခြင်းကြောင့် သားဦးမိခင်များသည် ဝမ်းနည်းစိတ်၊ အထီးကျန်စိတ်နှင့် မည်သည့်အရာကိုမျှ အလေးအနက် မထားလိုသော စိတ်အခြေအနေများ ဖြစ်ပေါ်လာရကြောင်း သုတေသနပညာရှင် ကာရီသောမတ်စ်က ၎င်း၏စာတမ်း၌ ဖော်ပြခဲ့သည်။

ရင်သွေးငယ်များ ညကြီးမင်းကြီး မကြာခဏ နိုးထလာတတ်မှုကြောင့် သားဦးမိခင်များအနေဖြင့် အိပ်ရေးပျက်ရပြီး စိတ်ကျရောဂါဖြစ်ပွားရမှု အလားအလာများပြားကြောင်း၊ သားဦးမိခင်များ၏ စိတ်ကျရောဂါဖြစ်ပွားမှုသည် သားဖွားပြီး နောက်ပိုင်း လေးလမှ ရှစ်လအကြား ကြာမြင့်တတ်ကြောင်း ကာရီသောမတ်စ်က ၎င်း၏စာတမ်း၌ ဖော်ပြခဲ့သည်။

သားဦးမိခင်များအပြင် တစ်နေ့တာ၏ ၂၄ နာရီကာလအတွက် ခြောက်နာရီလျော့လျော့အောက်သာ အိပ်စက်ခွင့်ရသော မိန်းမသားများအတွက်လည်း စိတ်ကျရောဂါဖြစ်နိုင်ဖွယ်ရာ အလားအလာများပြားကြောင်း ကာရီသောမတ်စ်က ပြောကြားခဲ့သည်။ သားဖွားပြီးနောက်ပိုင်း တစ်နှစ်ကျော်ကာလအထိ သားဦးမိခင်များ၌ ဖြစ်ပွားတတ်သော စိတ်ကျဝေဒနာများအား လေ့လာသုံးသပ်နိုင်ရန် ဩစတြေးလျ သိပ္ပံပညာရှင် ကာရီသောမတ်စ်သည် သားဦးမိခင် ၆၀ ကို လေ့လာသုတေသနပြုခဲ့ရသည်။

အင်တာနက်။

# ဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား**(ယာပုံ)**ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်တို့က အမှာစကား ပြောကြားကြပြီး ဆေးနှင့် ဆေးပစ္စည်း ပြခန်းများကို ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲကို ကျင်းပရာ Organizing Committee ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ကြူကြူခင်နှင့် Reception Sub Committee ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်သန်းသန်းဌေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး Main Symposium တစ်ခု၊ Major Symposium နှစ်ခု၊ Minor Symposium ၁၄ ခု၊ Clinico-pathological Session တစ်ခု၊ Clinical Sessions နှစ်ခုတို့နှင့် Scientific Paper Sessions များတွင် စာတမ်းပေါင်း ၄၀ကျော်ကို အထူးပြုဘာသာရပ်အဖွဲ့ပေါင်း ၁၆ ခုက တင်သွင်းကြမည်ဖြစ်ကာ အောက်တိုဘာ ၉ ရက်တွင် အားကစားအစီအစဉ်များ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်တန်းချက်များလက်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**တိုင်တန်းချက်များလက်ခံခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်း၍ ၎င်းကော်မရှင်ရုံးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၇)တွင် ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရပါက အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဖုန်း-ဖက်စ်နှင့် e-mail တို့ ရှိပါလျှင် ထည့်သွင်း ဖော်ပြပါရန်)၊
(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရသည်ကို အချက်အလက်များ ပြည့်စုံစွာ ဖော်ပြရန်၊
(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်ပြု၍ လက်မှတ်ရေးထိုးရန်၊

၃။ တိုင်တန်းချက်ကို တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲလျက် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လာရောက်၍ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အထက်ဖော်ပြပါ အပိုဒ် ၂(က)၊ (ခ)နှင့် (ဂ) တို့တွင် ဖော်ပြပါရှိသည့်အချက်များကို ပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲအမှုများနှင့် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက် ချမှတ်ထားပြီးသောအမှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များသည် ဤကြော်ငြာစာတွင် အကျုံးဝင်ခြင်း မရှိပါ။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လက်ခံရရှိသော တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းမည်ဖြစ်ပါသည်။

၇။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး ဖောက်ဖျက်ခံရသည်မှာ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကော်မရှင်၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်**

# ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီအား ဝံသာနုဒီမိုကရက်တစ်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၂/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၅၂/၂၀၁၁)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီအား
ဝံသာနုဒီမိုကရက်တစ်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၂၂)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ**သည် ယင်းပါတီ၏အမည်ကို **ဝံသာနုဒီမိုကရက်တစ်ပါတီ**အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ**အား ၆-၁၀-၂၀၁၁ ရက်နေ့မှစ၍ **“ဝံသာနုဒီမိုကရက်တစ်ပါတီ”** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ပြည်မြို့၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

(၄၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့ ရဲမှူးကြီး ကျော်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သည့် (၄၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မှုခင်းဖော်ထုတ်မှု စွမ်းရည်ဆု၊ လောင်းကစားမှုများတွင် လောင်းကြေးငွေအများဆုံး ဖမ်းဆီးနိုင်မှုဆု၊ မှုခင်းဖော်ထုတ်ရာတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သော အရပ်သားများအား ဂုဏ်ပြုဆု၊ ရဲတပ်သားသစ်အများဆုံး စုဆောင်းနိုင်မှုဆု၊ ပြုန်းတီးမှုအနည်းဆုံးဆု၊ လုပ်ငန်းတာဝန်ကျေပွန်မှုဆု၊ အားကစားထူးချွန်ဆု၊ ပညာရည်ထူးချွန်ဆု၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆု၊ မဟာသမယသုတ်ပြိုင်ပွဲဆုနှင့် အငြိမ်းစား ရဲဝန်ထမ်းဟောင်းများအား အမှတ်တရလက်ဆောင်ပေးခြင်းတို့ကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီး၊ တိုင်းဒေသကြီး (အနောက်ပိုင်း)ရဲတပ်ဖွဲ့ ရဲမှူးကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# အလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ မဟာအောင်မြေအားကစားကွင်း၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် အသင်းပေါင်း ၇၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဗိုလ်လုပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပရာ မြတ်မာန်အောင်အသင်းက ကြယ်တစ်ပွင့် ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရ မြတ်မာန်အောင် ဘောလုံးအသင်း၊ ဒုတိယဆုရ ကြယ်တစ်ပွင့်ဘောလုံးအသင်းနှင့် တတိယဆုရ စက်မှု(၁)ဘောလုံးအသင်းတို့အား ရွှေ၊ ငွေဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရကစားသမားနှစ်ဦးအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပူတာအိုမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၁၁ ခုနှစ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူးဖလား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှ စတင်၍ မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် အကြိုဗိုလ်လုပွဲများအဖြစ် မူလာရှီးဒီအသင်းနှင့် တပ်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်သစ် အသင်းက မူလာရှီးဒီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် ပန်းသခင်အသင်းနှင့် ဖုန်ကန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပန်းသခင်အသင်းက ဖုန်ကန်လူငယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဂျပန်အိုးပင်း အင်ဒီမာရေး ကွာတားဖိုင်နယ်သို့တက်

**တိုကျို အောက်တိုဘာ ၆**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည့် ATP Rakuten Japan အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၄) ဗြိတိန်နိုင်ငံသား အင်ဒီမာရေးသည် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။



**ကမ္ဘာ့အဆင့်(၄) ဗြိတိန်နိုင်ငံသား အင်ဒီမာရေး။**

အဆိုပါ ပြိုင်ပွဲတွင် အင်ဒီမာရေးက ပြိုင်ဘက် အမေရိကန်နိုင်ငံသား အဲလက်စ် ဘိုဂိုမိုလော့ဗ်ကို (၆-၁)၊ (၆-၂) ဖြင့် ပွဲချိန် ၅၈ မိနစ်အတွင်း အနိုင်ယူနိုင်ခဲ့သည်။ ၎င်းသည် စပေးဘောများထိုးရာတွင် ၉၅ ရာခိုင်နှုန်းထိ တိကျစွာ ထိုးနိုင်ခဲ့ခြင်းကြောင့် ယင်းကဲ့သို့ အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ၎င်းအနေဖြင့် နောက်လာမည့် ကွာတားဖိုင်နယ်တွင် အာဂျင်တီးနားနိုင်ငံသား ဒေးဗစ်နယ်ဘန်ဒီယမ်နှင့် အောက်တိုဘာ ၇ ရက်တွင် ရင်ဆိုင်ရမည်ဖြစ်သည်။

**အင်တာနက်။**

● ဟိန်းထက် ●

# အဲဗာတန်အသင်းကို အဘူဒါဘီအုပ်စု ဝယ်ယူမည်လော

**လန်ဒန် အောက်တိုဘာ ၆**

အဲဗာတန်အသင်း၏ ဘဏ္ဍာရေး အကျပ်အတည်းနှင့်ပတ်သက်၍ လီဗာပူးအသင်း၏ အမှုဆောင်ဟောင်း ခရစ္စတီးယန်း ပါစလိုနှင့် အဲဗာတန်အသင်းဥက္ကဋ္ဌ ဘေကင်ရိုက်တို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အဲဗာတန်အသင်းအား ဝယ်ယူမည့်သူကိုရှာဖွေပေးရန် အဲဗာတန်ဥက္ကဋ္ဌက တောင်းဆိုလိုက်ကြောင်း ပါစလိုက အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။



**အဲဗာတန်အသင်းဥက္ကဋ္ဌ ဘေကင်ရိုက်။**

မန်စီးတီးအသင်းပိုင်ရှင် အဘူဒါဘီအုပ်စုသည် ၎င်းတို့အသင်းအတွက် ကစားကွင်းအသစ်တစ်ခုရယူရန် စီစဉ်နေပါက အဲဗာတန်အသင်းကို ဝယ်ယူနိုင်လိမ့်မည်ဟု ဘေကင်ရိုက်က ယုံကြည်နေသည်။

ထို့ပြင် ၎င်းက မိမိအနေဖြင့် အသင်း၏ဘဏ္ဍာငွေတိုးတက်လာစေရန်အတွက် လက်မှတ်နှုန်းထားကို တိုးမြှင့်ရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်တာနက်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၃၀ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ အောက်တိုဘာ ၅ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ စလင်းအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြပြီး အောက်တိုဘာ ၆ ရက်တွင် စလင်းအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ပဒေသာအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကတညုတာ တော် မင်္ဂလ မုတ္တမံ **သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဥပ္ပါတသန္တိ စေတီတော် လိုဏ်တော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)





**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်အား ဖူးမြော်ကြည်ညို၍ စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာကျောက်စိမ်းရုပ်ပွားတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြကာ စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဥပ္ပါတသန္တိစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)



### ကြည့်ရှုလေ့လာ

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာအား သွားရောက်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် ည ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## အင် တာ နက် ကျန်း မာ ရေး သ တင်း

# သားဦးမိခင်များ အိပ်ရေးပျက်မှုကြောင့် စိတ်ကျရောဂါစွဲကပ်နိုင်သည့် အလားအလာများပြား

ကင်ဘာရာ အောက်တိုဘာ ၆

**ကြာသပတေးနေ့က ထုတ်ပြန်ခဲ့သော ဩစတြေးလျ သုတေသနပညာရှင်များ၏ စာတမ်းအရ သားဦးမိခင်များ အအိပ်အနေလျော့ပါးမှုနှင့် သားဖွားပြီးနောက်ပိုင်း ဖြစ်ပေါ်တတ်သော စိတ်ကျရောဂါတို့သည် ဆက်စပ်မှုရှိကြောင်း သိရသည်။**



ဩစတြေးလျနိုင်ငံ ကင်ဘာရာတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ကာရီ သောမတ်စ်က အပြည်ပြည်ဆိုင်ရာ လေ့လာချက်ပေါင်း ၁၀၀ ကျော်ကို လွှမ်းခြုံသုံးသပ်ခဲ့ရာတွင် သားဦးမိခင်များ သားဖွားပြီး၍ လအနည်းငယ်အကြာ၌ ဖြစ်ပွားတတ်သည့် စိတ်ကျရောဂါနှင့် အအိပ်အနေလျော့နည်းလာမှုတို့အကြားတွင် ဆက်စပ်မှုရှိကြောင်း တွေ့ရှိခဲ့ရသည်။

သုတေသနပညာရှင် ကာရီသောမတ်စ်က ၎င်း၏ တွေ့ရှိချက်ကို **စာမျက်နှာ ၉ ကော်လံ ၆ သို့✤**

## ယ နေ့ သ တ င် း အ ညွှ န် း

### မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့တို့ နီးနှောဖလှယ်

**"အနုပညာမူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ အကာအကွယ်ပေးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာများ အမျိုးသားအဆင့် ဆွေးနွေး"**

ပြည်တွင်းသတင်း စာမျက်နှာ - ၉

### ဖလန်း ဖလန်း ဖြစ်တဲ့အချစ် ဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုံများ၌ ရုံတင်

**"မိဘချင်းသာမက သားသမီးချင်းပါ သံယောဇဉ်နှောင်ကြိုး တွယ်တာကြသည့်အခါ"**

ပြည်တွင်းသတင်း စာမျက်နှာ - ၆

### အဲဟာတန်အသင်းကို အဘူဒါဘီအုပ်စု ဝယ်ယူမည်လော

**"မန်စီးတီးအသင်းပိုင်ရှင် အဘူဒါဘီအုပ်စုသည် ၎င်းတို့အသင်းအတွက် ကစားကွင်းအသစ်တစ်ခုရယူရန် စီစဉ်နေပါက အဲဟာတန်အသင်းကို ဝယ်ယူနိုင်"**

အားကစားသတင်း စာမျက်နှာ - ၁၀